# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈)၊ အမှတ်(၈၈)၊ ၁၃၈၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၃ ရက်၊ ၂၅-၂-၂၀၂၅၊ အင်္ဂါနေ့ ။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားကော်မတီအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

# လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်ရေး ယခုအချိန်ကတည်းကပင် အစီအမံများချမှတ်ဆောင်ရွက် နောင်တစ်ချိန်တွင် တိုးမြှင့်ထောက်ပံ့မှုများဆောင်ရွက်နိုင်ရန် ယခုကတည်းကပင် ကြိုတင်ပြင်ဆင် အလုပ်ရှင်များအနေဖြင့် မိမိတို့ဝန်ထမ်းများအား ပုံစံအမျိုးမျိုးဖြင့်ထောက်ပံ့နိုင်ရေး မျှော်မှန်းစဉ်းစား ဆောင်ရွက်ကြရမည်

နေပြည်တော် ဖေဖော်ဝါရီ ၂၄

လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဒုတိယစာရင်းစစ်ချုပ်၊ အမြဲတမ်း အတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသည့် အစည်းအဝေးသည် လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ၏ အဋ္ဌမအကြိမ်မြောက် အစည်းအဝေးဖြစ်ကြောင်း၊ စာမျက်နှာ ၃ သို့ ☆

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်

**(၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီ ၂၄ ရက်နေ့ ည(၇:၀၀)နာရီအချိန် ထုတ်ပြန်ချက်)**

**မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ** တနင်္သာရီတိုင်းဒေသကြီးတွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး၊ အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ လေပြင်းများတိုက်ခတ်ပြီး လှိုင်းကြီးနိုင်ပါသည်။ လေပြင်းများတိုက်ခတ်စဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်ပါသည်။ လှိုင်းအမြင့်မှာ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၈ ပေမှ ၁၀ ပေခန့် ရှိနိုင်ပါသည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၄ ပေမှ ၆ ပေခန့်ရှိနိုင်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာနိုင်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး၊ နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန် အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး၊ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ မိုး/ဓလ

၂၀၂၅ ခုနှစ် ၊ ဖေဖော်ဝါရီ ၂၅ ရက်၊ အင်္ဂါနေ့။

## ရထားတွဲဆိုင်းသစ်များဖြင့် ရန်ကုန်-နေပြည်တော်-မန္တလေးခရီးစဉ်များ မကြာမီပြေးဆွဲမည်

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားအနေဖြင့် အများပြည်သူလူထု ရထားဖြင့် ခရီးသွားလာမှုအဆင်ပြေချောမွေ့စေရေးအတွက် အဓိကရထားလမ်းပိုင်းများဖြစ်သည့် ရန်ကုန်-မန္တလေးလမ်းပိုင်း၊ ရန်ကုန်-ပြည်လမ်းပိုင်း၊ ရန်ကုန်-မော်လမြိုင်လမ်းပိုင်းများနှင့် ရန်ကုန်မြို့ပတ်နှင့် ဆင်ခြေဖုံးလမ်းပိုင်းများတွင်သာမက အခြားလမ်းပိုင်းများဖြစ်သော ပုသိမ်-ဟင်္သာတ-ကြံခင်းလမ်းပိုင်း၊ ပျဉ်းမနား-တောင်တွင်းကြီး လမ်းပိုင်း၊ ရန်ကုန်-ပြည်-ပုဂံလမ်းပိုင်း၊ မြစ်ကြီးနား-မိုးကောင်းလမ်းပိုင်း၊ လက်ပံတန်း-သာရဝေါလမ်းပိုင်းနှင့် သာစည်-ရွှေညောင်လမ်းပိုင်း စသည့်လမ်းပိုင်းများတွင် လူစီးရထားခရီးစဉ်များကို စီစဉ်ပြေးဆွဲပေးလျက်ရှိသည်။

ထို့ပြင် ဖေဖော်ဝါရီ ၂၈ ရက်မှစတင်၍ နေပြည်တော်-ရန်ကုန်-နေပြည်တော်ခရီးစဉ်အား ဂျပန်နိုင်ငံမှ ဝယ်ယူရောက်ရှိလာသည့် ခေတ်မီ DEMU ရထားတွဲဆိုင်းသစ်များဖြင့် စတင်ပြေးဆွဲပေးသွားမည်ဖြစ်သည်။

အဆိုပါ ခေတ်မီ DEMU ရထားတွဲဆိုင်းဖြင့် နေပြည်တော်မှ ရန်ကုန်အထိ စတင်စမ်းသပ်ပြေးဆွဲသည့် ခရီးစဉ်အဖြစ် ဖေဖော်ဝါရီ ၂၁ ရက် နံနက် ၈ နာရီတွင် နေပြည်တော်ဘူတာကြီးမှ စတင်ထွက်ခွာခဲ့ပြီး မြန်မာ့စားသောက်ကုန်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဖိုရမ် ၂၀၂၅ (MSME) နေပြည်တော်သို့ တက်ရောက်လာကြသည့် ကုမ္ပဏီအဖွဲ့အစည်းအသီးသီးမှ ပုဂ္ဂလိကလုပ်ငန်းရှင်များအပါအဝင် ခရီးသွားပြည်သူ ၁၃၀ လိုက်ပါစီးနင်းခဲ့ကြကာ ရန်ကုန်ဘူတာသို့ မွန်းလွဲ ၁ နာရီ မိနစ် ၅၀ တွင် ရောက်ရှိကြောင်းနှင့် နေပြည်တော်မှ ရန်ကုန်သို့ ဘူတာစဉ်ရပ်တန့်ချိန်များအပါအဝင် ခရီးသွားချိန် ၅ နာရီ မိနစ် ၅၀ ကြာမြင့်ကြောင်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ သိရသည်။

ထို့ပြင် အဆင့်မြှင့်တင်ပြီးဖြစ်သည့် ရန်ကုန်-နေပြည်တော် ရထားလမ်းပိုင်း၌ ဖေဖော်ဝါရီ ၂၈ ရက်တွင် စတင်ပြေးဆွဲမည့် DEMU ရထားတွင် ပထမတန်းလေးတွဲ၊ အထက်တန်းနှစ်တွဲ စုစုပေါင်း တွဲဆိုင်းခြောက်တွဲဖြင့် ခရီးသည် ၃၁၂ ဦး လိုက်ပါစီးနင်းနိုင်မည်ဖြစ်သည်။

နေပြည်တော်-မန္တလေးပြေးဆွဲမည့် လေအိတ်ရထားခရီးစဉ်အတွက် ရိုးရိုးတန်းလေးတွဲ၊ အတက်တန်းနှစ်တွဲ စုစုပေါင်း တွဲဆိုင်းခြောက်တွဲဖြင့် ခရီးစဉ် ၃၃၀ လိုက်ပါစီးနင်းနိုင်မည်ဖြစ်ကာ ရထားအချိန်စာရင်းနှင့် လက်မှတ်ခနှုန်းထားတို့ကို မြန်မာ့မီးရထားမှ ထပ်မံထုတ်ပြန်သွားမည်ဖြစ်သည်။

ရန်ကုန်-မန္တလေး ခရီးစဉ်တစ်လျှောက် ပဲခူး၊ ဖြူး၊ တောင်ငူ၊ နေပြည်တော်၊ သာစည်ဘူတာတို့၌ ရပ်တန့်ပေးသွားမည်ဖြစ်သည်။ ခရီးသည်များအနေဖြင့် အဆိုပါ DEMU ရထားနှင့် လေအိတ်ရထားများကို နေပြည်တော်ဘူတာတွင် ပြောင်းလဲလိုက်ပါစီးနင်းနိုင်မည်ဖြစ်သည်။

မြန်မာ့မီးရထားအနေဖြင့် ရထားစီးခရီးသွားပြည်သူများ စိတ်ချမ်းမြေ့စွာ ခရီးသွားလာနိုင်စေရေး ခေတ်မီလူစီးတွဲများ ဖြည့်တင်းထုတ်လုပ်ခြင်း၊ ရထားလမ်းအဆင့်မြှင့်တင်ခြင်း၊ ဘူတာရုံများ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများအလိုက် စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

## ကျောက်ဆည်မြို့နယ်တွင် နှမ်းစပါး ဧက ၁၉၉၈၀ စိုက်ပျိုးသွားမည်



**ကျောက်ဆည် ဖေဖော်ဝါရီ ၂၄**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်တွင် ၂၀၂၄-၂၀၂၅ ခုနှစ် ရေရှိရေး နည်းလမ်းများအလိုက် နွေစပါးသီးနှံ ဧက ၁၉၉၈၀ လျာထားစိုက်ပျိုးသွားမည် ဖြစ်သည်။

နွေစပါးသီးနှံများ စိုက်ပျိုးရာ၌ ဇော်ဂျီဆည်ရေသောက်စနစ်၊ မင်းရဲစိုက်ပျိုးရေးနည်းပညာပေး ရှေ့တန်းစခန်း၊ မင်းရဲမြောင်းရေဖြင့် ၁၆၆၂ ဧက၊ သင်းတွဲမြောင်းရေဖြင့် ၁၀၀၃ ဧက၊ နွားတက်မြောင်းရေဖြင့် ၁၈၉၅ ဧက၊ သင်းတွဲစိုက်ပျိုးရေးနည်းပညာပေးရှေ့တန်းစခန်းတွင် သင်းတွဲမြောင်းရေဖြင့် ဧက ၃၀၀၊ သင်းတွဲမြောင်းရေဖြင့် ဧက ၂၆၄၀၊ ငပြောင်မြောင်းရေဖြင့် ၁၃၂၄ ဧက၊ သင်းဒီးစိုက်ပျိုးရေးနည်းပညာပေး ရှေ့တန်းစခန်းတွင် နွားတက်မြောင်းရေဖြင့် ဧက ၂၃၄၀၊ ကင်းတားဆည် ဆည်ရေသောက်စနစ်ဖြင့် သင်းဒီးမြောင်းရေဖြင့် ဧက ၁၅၀၀၊ ထုံးကြီးစိုက်ပျိုးရေးနည်းပညာပေးရှေ့တန်းစခန်းတွင် နွားတက်မြောင်းရေဖြင့် ဧက ၁၉၆၀၊ တမုတ်စိုက်ပျိုးရေးနည်းပညာပေးရှေ့တန်းစခန်းတွင် ဇီးတောမြောင်းရေဖြင့် ဧက ၄၅၀၊ နွားတက်မြောင်းရေဖြင့် ၁၆၀၃ ဧက၊ တမုတ်မြောင်းရေဖြင့် ၃၃၀၃ ဧက စုစုပေါင်း ဧက ၁၉၉၈၀ လျာထားစိုက်ပျိုးလျက်ရှိသည်။

ကျောက်ဆည်မြို့နယ်အနေဖြင့် နွေစပါးသီးနှံများ စိုက်ပျိုးရာတွင် လျာထားချက်ပြည့်မီကျော်လွန်ရေးနှင့် အောင်မြင်ဖြစ်ထွန်းရေး မြို့နယ်ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် သက်ဆိုင်ရာဌာနများမှ တောင်သူများနှင့် တွေ့ဆုံပြီး လိုအပ်မှုများမရှိစေရေး ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (အပေါ်ပုံ)

**သက်မောင်(ကျောက်ဆည်)**

၀-၀-၀-၀-၀

### သတင်းများ Online မှ တစ်ဆင့် ပေးပို့နိုင်

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား mdydailynewspaper@gmail.com မှ တစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**

## အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)တွင် မီးဘေးလုံခြုံရေး ဟောပြော၊ သရုပ်ပြ စစ်ဆေးခြင်းများ ဆောင်ရွက်



**မန္တလေး ဖေဖော်ဝါရီ ၂၄**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်ရှိ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)သို့ မြို့နယ် မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများသည် မီးဘေးအန္တရာယ်အကြောင်း အသိပညာပေးဟောပြောခြင်း၊ သရုပ်ပြခြင်းနှင့် စစ်ဆေးခြင်းများကို ယမန်နေ့ မွန်းလွဲ ၂ နာရီက အဆိုပါ တက္ကသိုလ်၌ ဆောင်ရွက်ခဲ့သည်။

ဦးစွာ မြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးမင်းသန့်က မီးဘေးလုံခြုံရေး အသိပညာပေးဟောပြောခဲ့ရာတွင် မီးငြိမ်းသတ်ခြင်း၊ မီးလောင်မှုဖြစ်စဉ်များ၊ သဘာဝဘေး၊ တောမီး၊ EV (ကား) မီးလောင်မှုများအကြောင်း စသည်တို့အား အသိပညာပေး ဟောပြောခဲ့ပြီး မီးဘေးအန္တရာယ် အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကာ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ် ဦးအောင်ဆန်းဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

ဆက်လက်၍ ဆီမီး၊ ဂတ်(စ်)မီးတို့အား တက်ရောက်လာသူများအား လက်တွေ့ငြိမ်းသတ်မှုများ ဆောင်ရွက်စေခဲ့သည်။ (ဝဲပုံ)

အခမ်းအနားသို့ အဆိုပါ တက္ကသိုလ် ပါမောက္ခချုပ်နှင့် တကွ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

(ဝဇ၅)

## နွေရာသီကျောင်းပိတ်ရက် ကျောင်းသား၊ ကျောင်းသူများအား အခမဲ့သင်တန်းများ ဖွင့်လှစ်ပေးသွားမည်

**နတ်မောက် ဖေဖော်ဝါရီ ၂၄**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးတွင် ၂၀၂၅ ခုနှစ် မတ်လ ၃ ရက်နေ့မှစတင်၍ ကျောင်းသား၊ ကျောင်းသူများအား နွေရာသီကာလ၌ အချိန်ကို အကျိုးရှိစွာ အသုံးချတတ်စေရန် ပညာရေးကို အမြဲမပျက်ဆည်းပူးလေ့လာမှုရှိစေရန် စသည့် ရည်ရွယ်ချက်များဖြင့် ၂၀၂၄-၂၀၂၅ ခုနှစ်အတွင်း လူငယ်များ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အထောက်အကူဖြစ်စေမည့် နွေရာသီသင်တန်းများအား အခမဲ့ဖွင့်လှစ်ပေးသွားမည်ဖြစ်သည်။

အဆိုပါ နွေရာသီကျောင်းပိတ်ရက်များတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ၏ ကြီးကြပ်မှုဖြင့် အသက်မွေးဝမ်းကျောင်းအထောက်အကူဖြစ်စေမည့် ကွန်ပျူတာသင်တန်း၊ အင်္ဂလိပ်စာသင်တန်း၊ ပန်းချီသင်တန်းတို့ကို မတ် ၃ ရက်မှ စတင်၍ ဖွင့်လှစ်သင်ကြားပို့ချသွားမည်ဖြစ်ရာ မြို့ပေါ်ရှိ အခြေခံပညာကျောင်းများရှိ ကျောင်းသား၊ ကျောင်းသူ ၁၁၅ ဦး စာရင်းပေးလျက်ရှိကြောင်း သိရသည်။ (လှဝင်း)



မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

**❖ လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ငွေကြေးအထောက်အပံ့ပေးရေး အစီအစဉ်ဖြစ်သည့် အသက်(၈၅)နှစ်နှင့်အထက် သက်ကြီးပုဂ္ဂိုလ်များအား ထောက်ပံ့သည့် လူမှုရေးပင်စင်အစီအစဉ် (Social Pension)နှင့် ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှမွေးဖွားလာသော အသက် နှစ်နှစ်အောက် ကလေးသူငယ်များအား ငွေကြေးထောက်ပံ့ခြင်းအစီအစဉ်(Maternal and Child Cash Transfer Program – MCCT)တို့မှ အကျိုးခံစားခွင့်ရှိသူများကို ယခု ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာနှစ်တွင် မြန်မာ့စီးပွားရေးဘဏ်ခွဲများမှတစ်ဆင့် ထောက်ပံ့နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိ**

**❖ အသက်နှစ်နှစ်အောက် ကလေးငယ်များ ထောက်ပံ့နိုင်ရေးကိုလည်း စီစဉ်ဆောင်ရွက်လျက်ရှိ၊ အသက် နှစ်နှစ်အောက် ကလေးငယ်အားလုံး ဉာဏ်ရည်ဖွံ့ဖြိုးတိုးတက်စေရေးဆောင်ရွက်ရာတွင် တစ်ဦးတစ်ယောက်မျှ မကျန်ခဲ့စေရန် တာဝန်ရှိသူများက ဆောင်ရွက်ပေးစေလို**

☆ ရှေ့ဖုံးမှ

ယခုအစည်းအဝေးဆွေးနွေးမှုမှ ရရှိလာမည့် အကြံပြုချက်များနှင့် ဆုံးဖြတ်ချက်များမှတစ်ဆင့် တစ်နှစ်ထက်တစ်နှစ် ပိုမိုကောင်းမွန်သည့် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှုနည်းလမ်းများကို အသုံးပြုပြီး လက်ရှိဆောင်ရွက်နေသည့် လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းရပ်များကို ပိုမိုကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ထို့ပြင် လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရေး ရေးဆွဲပြဋ္ဌာန်းထားသည့် "မြန်မာနိုင်ငံ၏ လူမှုကာကွယ်စောင့်ရှောက်ရေး အမျိုးသားအဆင့် မဟာဗျူဟာစီမံချက်(၂၀၁၄)" ကို ရေးဆွဲဆောင်ရွက်ခဲ့ရာ ယခုဆိုလျှင် ဆယ်နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်ကြောင်း၊ ထို့ကြောင့် ကော်မတီဝင်ဝန်ကြီးများ၊ ဌာနများအနေဖြင့် မဟာဗျူဟာပါလုပ်ငန်းရပ်များနှင့်ချိတ်ဆက်ပြီး (၁၀)နှစ်တာကာလအတွင်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့မှုအခြေအနေများကို စုစည်း၍ အားသာချက်၊ အားနည်းချက်များကို မှတ်တမ်းပြုစုသွားကြရန်လိုကြောင်း၊ သို့မှသာ အစိုးရအဆက်ဆက် လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာလုပ်ငန်းများ ထပ်မံဆောင်ရွက်သည့်အခါတွင် ပိုမိုကောင်းမွန်စေပြီး ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းတွင် အပိုင်း(၂)ပိုင်းရှိကြောင်း၊ ပထမအပိုင်းအနေဖြင့် လုပ်ငန်းရှင်နှင့် အလုပ်သမားတို့က အချိုးကျထည့်ဝင်ပြီး နိုင်ငံတော်မှလည်း သင့်တင့်သည့် ထည့်ဝင်မှုများဖြင့် ဆောင်ရွက်သည့် လူမှုရေးအာမခံစနစ် (Social Insurance System)ဖြစ်ပြီး အလုပ်သမားဝန်ကြီးဌာနအောက်ရှိ လူမှုဖူလုံရေးအဖွဲ့တို့ ဆောင်ရွက်လျက်ရှိကြောင်း၊ ဒုတိယအပိုင်းအနေဖြင့် နိုင်ငံတော်မှ မတည်ထည့်ဝင်ငွေနှင့် ပုဂ္ဂလိက စေတနာရှင်များကထည့်ဝင်ငွေများဖြင့် ဆောင်ရွက်လျက်ရှိသည့် လူမှုရေးထောက်ပံ့မှုအစီအစဉ်(Social Assistance Scheme) တို့ဖြစ်ကြောင်း၊ ၎င်းအပိုင်းကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိကြောင်း၊ ယနေ့တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များကို ဆွေးနွေးသွားကြမည်ဖြစ်ကြောင်း။

**❖ လူမှုကာကွယ်စောင့်ရှောက်ရေးနှင့်ပတ်သက်၍ အကျိုးခံစားခွင့် (၉)ရပ်ရှိကြောင်း၊ ယင်းတို့မှာ ကျန်းမာရေးစောင့်ရှောက်ပေးခြင်း၊ နာမကျန်းအကျိုးခံစားခွင့်၊ အလုပ်လက်မဲ့အကျိုးခံစားခွင့်၊ သက်ကြီးအကျိုးခံစားခွင့်၊ အလုပ်ခွင်ထိခိုက်မှုအကျိုးခံစားခွင့်၊ မိသားစုထောက်ပံ့မှု အကျိုးခံစားခွင့်၊ မီးဖွားမှုအကျိုးခံစားခွင့်၊ ကျန်ရစ်သူမိသားစု အကျိုးခံစားခွင့်နှင့် ပြင်းထန်စွာ ထိခိုက်ဒဏ်ရာရသူများ အကျိုးခံစားခွင့် စသည်တို့ဖြစ်**

**❖ ယင်းတို့ကို မိမိတို့၏ ဘဏ္ဍာငွေကြေးသုံးစွဲနိုင်မှုအပေါ်မူတည်၍ ထောက်ပံ့ပေးလျက်ရှိကြောင်း၊ မိမိတို့အနေဖြင့် လူမှုကာကွယ်စောင့်ရှောက်ရေးနှင့်ပတ်သက်၍ နိုင်ငံတကာနှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိ**

မိမိတို့မြန်မာနိုင်ငံအနေဖြင့်လည်း နိုင်ငံတကာနှင့်ဆက်စပ်၍ လူမှုကာကွယ်စောင့်ရှောက်ရေး (Social Protection)လုပ်ငန်းများ ချိတ်ဆက်ဆောင်ရွက်နိုင်ရေး၊ ကောင်းမွန်သည့် ကျင့်ထုံးများကို အဖွဲ့ဝင်နိုင်ငံအချင်းချင်းဖလှယ်နိုင်ရေး ရည်ရွယ်လျက် အပြည်ပြည်ဆိုင်ရာ လူမှုဖူလုံရေးအသင်း (International Social Security Association-ISSA)ကို ၁၉၂၇ ခုနှစ် အောက်တိုဘာ ၄ ရက်မှစ၍ နိုင်ငံပေါင်း ၁၆၃ နိုင်ငံမှ အသင်းအဖွဲ့အစည်းပေါင်း ၃၃၈ ဖွဲ့ဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ၎င်းအပြင် အာဆီယံလူမှုဖူလုံရေးအသင်း(ASEAN Social Security Association-ASSA)ကိုလည်း လူမှုဖူလုံရေးဆိုင်ရာ ကောင်းမွန်သည့်အတွေ့အကြုံများနှင့် အလေ့အကျင့်များ မျှဝေနိုင်ရန်ရည်ရွယ်၍ သဘောတူညီချက်စာချွန်လွှာ(Memorandum of Agreement)ကို ၂၀၁၅ ခုနှစ် စက်တင်ဘာ ၁၀ ရက်တွင် အဖွဲ့ဝင်အဖြစ်ဝင်ရောက်ခဲ့ပြီး အာဆီယံ ၁၀ နိုင်ငံမှ လူမှုဖူလုံရေးအဖွဲ့အစည်း ၂၀ ဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။

လူမှုကာကွယ်စောင့်ရှောက်ရေးနှင့်ပတ်သက်၍ အကျိုးခံစားခွင့်(၉)ရပ်ရှိကြောင်း၊ ယင်းတို့မှာ ကျန်းမာရေးစောင့်ရှောက်ပေးခြင်း၊ နာမကျန်းအကျိုးခံစားခွင့်၊ အလုပ်လက်မဲ့အကျိုးခံစားခွင့်၊ သက်ကြီးအကျိုးခံစားခွင့်၊ အလုပ်ခွင်ထိခိုက်မှုအကျိုးခံစားခွင့်၊ မိသားစုထောက်ပံ့မှု အကျိုးခံစားခွင့်၊ မီးဖွားမှုအကျိုးခံစားခွင့်၊ ကျန်ရစ်သူမိသားစု အကျိုးခံစားခွင့်နှင့် ပြင်းထန်စွာ ထိခိုက်ဒဏ်ရာရသူများ အကျိုးခံစားခွင့် စသည်တို့ဖြစ်ကြောင်း၊ ယင်းတို့ကို မိမိတို့၏ ဘဏ္ဍာငွေကြေးသုံးစွဲနိုင်မှုအပေါ်မူတည်၍ ထောက်ပံ့ပေးလျက်ရှိကြောင်း၊ မိမိတို့အနေဖြင့် လူမှုကာကွယ်စောင့်ရှောက်ရေးနှင့် ပတ်သက်၍ နိုင်ငံတကာနှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ဆက်လက်ပြီး လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ငွေကြေးအထောက်အပံ့ပေးရေး အစီအစဉ်ဖြစ်သည့် အသက်(၈၅)နှစ်နှင့်အထက် သက်ကြီးပုဂ္ဂိုလ်များအား ထောက်ပံ့သည့် လူမှုရေးပင်စင်အစီအစဉ် (Social Pension)နှင့် ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှမွေးဖွားလာသော အသက် နှစ်နှစ်အောက် ကလေးသူငယ်များအား ငွေကြေးထောက်ပံ့ခြင်းအစီအစဉ် (Maternal and Child Cash Transfer Program – MCCT)တို့မှ အကျိုးခံစားခွင့်ရှိသူများကို ယခု ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာနှစ်တွင် မြန်မာ့စီးပွားရေးဘဏ်ခွဲများမှတစ်ဆင့် ထောက်ပံ့နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် အသက်နှစ်နှစ်အောက် ကလေးငယ်များ ထောက်ပံ့နိုင်ရေးကိုလည်း စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ အသက်နှစ်နှစ်အောက် ကလေးငယ်အားလုံး ဉာဏ်ရည်ဖွံ့ဖြိုးတိုးတက်စေရေးဆောင်ရွက်ရာတွင် တစ်ဦးတစ်ယောက်မျှ မကျန်ခဲ့စေရန် တာဝန်ရှိသူများက ဆောင်ရွက်ပေးစေလိုကြောင်း။

ထို့ပြင် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်က အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် "အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်း အစီအစဉ်(Public Feedback Programme- PFP)" အသုံးပြု၍ လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ငွေကြေးအထောက်အပံ့ပေးရေးအစီအစဉ် အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ထို့ပြင် လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်နိုင်ရန်အတွက် ငွေကြေးထောက်ပံ့ခြင်းအစီအစဉ်ကို ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် စိန်ခေါ်မှုများလည်းရှိကြောင်း။

လူမှုကာကွယ် စောင့်ရှောက်ရေးလုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်ရေးအတွက် ယခုအချိန်ကတည်းကပင် အစီအမံများ ချမှတ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ယခုအချိန်တွင် နိုင်ငံတော်မှရရှိသည့် ရန်ပုံငွေဖြင့် ထောက်ပံ့ပေးလျက်ရှိကြောင်း၊ နောင်တစ်ချိန်တွင် တိုးမြှင့်ထောက်ပံ့မှုများ ဆောင်ရွက်နိုင်ရန်အတွက် ယခုကတည်းကပင် ကြိုတင်ပြင်ဆင်ထားရမည်ဖြစ်ကြောင်း၊ အလားတူ အလုပ်ရှင်များအနေဖြင့်လည်း မိမိတို့ ဝန်ထမ်းများအား ပုံစံအမျိုးမျိုးဖြင့် ထောက်ပံ့နိုင်ရေး မျှော်မှန်းစဉ်းစား ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အဓိကအားဖြင့် လက်ရှိဆောင်ရွက်နေသည့်လုပ်ငန်းများသာမက နောင်တွင် နိုင်ငံတော်၏ ငွေကြေးကဏ္ဍအပေါ်မူတည်၍ ထောက်ပံ့ရေးအစီအစဉ်များကို ဆွေးနွေးပေးကြစေလိုကြောင်း၊ နိုင်ငံတိုင်းတွင် လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများရှိကြောင်း၊ တစ်ကမ္ဘာလုံးအနေဖြင့် GDP တွင် လူမှုကာကွယ်စောင့်ရှောက်ရေးအသုံးစရိတ်ပါဝင်မှု ရာခိုင်နှုန်းသည် ၁၂ ဒသမ ၉ ရာခိုင်နှုန်းရှိပြီး ဝင်ငွေအနည်းဆုံးနိုင်ငံများအနေဖြင့် GDP တွင် လူမှုကာကွယ်စောင့်ရှောက်ရေး အသုံးစရိတ်ပါဝင်မှုရာခိုင်နှုန်းသည် ၁ ဒသမ ၁ ရာခိုင်နှုန်းဖြစ်ကြောင်း၊ နိုင်ငံ၏ GDP ပေါ် မူတည်၍ထောက်ပံ့မှုရာခိုင်နှုန်းများကို တွေ့မြင်နိုင်ကြောင်း၊ နိုင်ငံအလိုက် ထောက်ပံ့မှုများကိုလေ့လာ၍ မိမိတို့နိုင်ငံနှင့် နှိုင်းယှဉ်ဆောင်ရွက်ကြစေလိုကြောင်း။

ထို့ပြင် ၂၀၁၆ ခုနှစ်က ပြဋ္ဌာန်းခဲ့သည့် သက်ကြီးရွယ်အိုများဆိုင်ရာဥပဒေအရ သက်ကြီးရွယ်အိုများအတွက် လျှော့ပေါ့သက်သာခွင့် ရရှိနိုင်ရေးအတွက် သက်ကြီးရွယ်အို သက်သေခံကတ်ပြား ထုတ်ပေးနိုင်ရေးနှင့်စပ်လျဉ်းပြီး ပထမအဆင့်အနေဖြင့် သက်ကြီးရွယ်အိုများဆိုင်ရာ နည်းဥပဒေများပါ ကင်းလွတ်ခွင့်နှင့် လျှော့ပေါ့သက်သာခွင့်များကို သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် မိမိတို့လုပ်ဆောင်ပေးနိုင်မည့် ဝန်ဆောင်မှုများအပေါ် ကင်းလွတ်ခွင့် သို့မဟုတ် လျှော့ပေါ့ သက်သာခွင့်များကို ညှိနှိုင်းခြင်း၊ ဒုတိယအဆင့်အနေဖြင့် ဝန်ဆောင်မှုများအလိုက် ကင်းလွတ်ခွင့်နှင့် ရာခိုင်နှုန်းအလိုက် လျှော့ပေါ့သက်သာခွင့်များကို ကော်မတီအနေဖြင့် အများပြည်သူသိရှိနိုင်ရေး အမိန့်ကြော်ငြာစာထုတ်ပြန်ပေးခြင်း၊ တတိယအဆင့်အနေဖြင့် သက်သေခံကတ်ပြားများ ကိုင်ဆောင်အသုံးပြုရန် အသက်အပိုင်းအခြားအလိုက် သက်ကြီးရွယ်အိုများ စာရင်းကောက်ယူခြင်း၊ စိစစ်ခြင်းနှင့် ထုတ်ပေးခြင်းတို့ကို အဆင့်ဆင့် ဆောင်ရွက်သွားကြရန်လိုအပ်မည်ဖြစ်ကြောင်း၊ ထို့ပြင် လူမှုရေးစီမံခန့်ခွဲမှုဆိုင်ရာ သတင်းအချက်အလက်များကိုလည်း အမြဲမပြတ် Update ဖြစ်စေရန် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

လူမှုကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများသည် အစိုးရတစ်ရပ်အနေဖြင့် မဖြစ်မနေဆောင်ရွက်ပေးရမည့် လုပ်ငန်းများဖြစ်ကြောင်း၊ ထို့ပြင် ပြည်သူလူထုကို အမှန်တကယ် တိုက်ရိုက်အကျိုးပြုရန် ရင်းနှီးမြှုပ်နှံသည့် လုပ်ငန်းများဖြစ်သည့်အတွက် တက်ရောက်လာကြသူများအနေဖြင့် သက်ဆိုင်ရာကဏ္ဍအလိုက် အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေများ၊ ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများနှင့် လိုအပ်သည့် အကြံပြုချက်များကို ပွင့်ပွင့်လင်းလင်း ဝိုင်းဝန်းဆွေးနွေးကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံချက်များ၊ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းများကိုလည်းကောင်း၊ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေက အလုပ်သမားဝန်ကြီးဌာနအနေဖြင့် အာမခံအလုပ်သမားများ၏ အကျိုးခံစားခွင့်အပြည့်အဝရရှိရေး၊ ဆေးကုသနိုင်ရေး ဆောင်ရွက်ပေးနေမှုအခြေအနေများကိုလည်းကောင်း၊ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေးများ ကောင်းမွန်လာစေရေးနှင့် ပြည်သူလူထု စိုက်ထုတ်သုံးစွဲသည့် ငွေကြေး လျော့ပါးလာစေရေးအတွက် ဆောင်ရွက်ပေးနေမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ယင်းနောက် လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ အတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးစိုးကြည်က ယခင်အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာအမျိုးသားကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် ဒုတိယဝန်ကြီးများက သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများ၊ ပူးပေါင်းလုပ်ဆောင်နေမှုများနှင့် အကြံပြုချက်များကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ဆွေးနွေးတင်ပြချက်များနှင့်ပတ်သက်၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

သတင်းစဉ်

# နှစ်(၈၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် (၃၁) ကြိမ်မြောက် တပ်မတော် (ကြည်း၊ ရေ၊ လေ)စစ်တီးဝိုင်းပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၄

နှစ်(၈၀)ပြည့် တပ်မတော်နေ့ အထိမ်းအမှတ် (၃၁)ကြိမ်မြောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ စစ်ကြောရေးနှင့် တည်းခိုရေးစခန်း စစ်ရေးပြကွင်း၌ ကျင်းပရာ တပ်မတော်နေ့ ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်း၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး အေးမင်းထွေး၊ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ ပြိုင်ပွဲကျင်းပရေး ကော်မတီဝင်များ၊ အကဲဖြတ်အမှတ်ပေး အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်စစ်တီးဝိုင်းအသင်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



**ပေးအပ်ချီးမြှင့်**

ဦးစွာ ပြိုင်ပွဲဝင်စစ်တီးဝိုင်းအဖွဲ့များက တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်းအား အလေးပြုခြင်း၊ နိုင်ငံတော်အလံ အလေးပြုခြင်းနှင့် သစ္စာအဓိဋ္ဌာန်(၄)ချက် ရွတ်ဆိုခြင်းတို့ကို အစီအစဉ်အတိုင်း ပြုလုပ်သည်။ ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ တပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်းက နှစ်(၈၀)ပြည့် တပ်မတော်နေ့ အထိမ်းအမှတ် (၃၁)ကြိမ်မြောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ (ခ)အဆင့်တွင် စစ်တီးဝိုင်းခေါင်းဆောင်ကျွမ်းကျင်မှု တတိယဆုရရှိသည့် ဧရာဝတီတိုင်း စစ်ဌာနချုပ် ကိုယ်စားပြု အမှတ်(၁)စစ်တီးဝိုင်း အသင်းခေါင်းဆောင်၊ ဒုတိယဆုရရှိသည့် နေပြည်တော်တိုင်း စစ်ဌာနချုပ် ကိုယ်စားပြု အမှတ်(၁) စစ်တီးဝိုင်းအသင်းခေါင်းဆောင်နှင့် ပထမဆုရရှိသည့် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု အမှတ်(၁)စစ်တီးဝိုင်းအသင်း ခေါင်းဆောင်တို့ကို ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ (က)အဆင့်တွင် စစ်တီးဝိုင်းခေါင်းဆောင် ကျွမ်းကျင်မှု အကောင်းဆုံးဆုရရှိသည့် စစ်တက္ကသိုလ် ကိုယ်စားပြု စစ်တီးဝိုင်းအသင်း ခေါင်းဆောင်၊ (ခ) အဆင့် အသင်းလိုက်အထူးဆု ဧရာဝတီတိုင်း စစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းအသင်းနှင့် တောင်ပိုင်းတိုင်း စစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းအသင်း၊ တတိယဆုရရှိသည့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု အမှတ်(၁) စစ်တီးဝိုင်းအသင်း၊ ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်း စစ်ဌာနချုပ်ကိုယ်စားပြု အမှတ်(၁) စစ်တီးဝိုင်းအသင်း၊ ပထမဆုရရှိသည့် နေပြည်တော်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု အမှတ်(၁) စစ်တီးဝိုင်းအသင်း၊ (က)အဆင့် အသင်းလိုက် အထူးဆုရရှိသည့် စစ်တက္ကသိုလ် ကိုယ်စားပြု စစ်တီးဝိုင်းအသင်း၊ တတိယဆုရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) ကိုယ်စားပြုစစ်တီးဝိုင်း အသင်း၊ ဒုတိယဆုရရှိသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ကိုယ်စားပြု ရဲတီးဝိုင်းအသင်း၊ ပထမဆုရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)ကိုယ်စားပြု စစ်တီးဝိုင်း အသင်းတို့ကို ဆုများပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

**ဝင်ရောက်ယှဉ်ပြိုင်**

အဆိုပါ တပ်မတော်နေ့အထိမ်းအမှတ် တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲများကို ၁၉၉၂ ခုနှစ်မှ စတင်ကျင်းပခဲ့ပြီး နှစ်(၈၀)ပြည့် တပ်မတော်နေ့ အထိမ်းအမှတ် (၃၁)ကြိမ်မြောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၄ ရက်မှစတင်၍ ကျင်းပခဲ့ရာ ပြိုင်ပွဲဝင် စစ်တီးဝိုင်းအသင်းပေါင်း ၂၆ သင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# မြန်မာလုပ်သားများ ရုရှားနိုင်ငံသို့ စေလွှတ်နိုင်ရေး ညှိနှိုင်းဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၂၄

မြန်မာလုပ်သားများ ရုရှားနိုင်ငံသို့ စေလွှတ်နိုင်ရေးအတွက် နှစ်နိုင်ငံ MoU လက်မှတ်ရေးထိုးနိုင်ရေး၊ အလုပ်ရှင် အလုပ်သမား သဘောတူစာချုပ်ဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် အလုပ်သမားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေ၊ ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာပြည်ပအလုပ်အကိုင် ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း(MOEAA) နှင့် ပြည်ပအလုပ်အကိုင် အကျိုးဆောင်လိုင်စင်ရ အေဂျင်စီများနှင့် ARA Academy ရုရှားဘာသာစကားကျွမ်းကျင်မှု သင်တန်းကျောင်းတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ရွှေ့ပြောင်းလုပ်သားများအနေဖြင့် ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင် ဆောင်ရွက်ရာတွင် ကုန်ကျစရိတ်မြင့်မားခြင်း၊ ကျင့်ဝတ်သိက္ခာမရှိသည့် လုပ်ငန်းရှင်များထံတွင် အလုပ်လုပ်ကိုင်ရပါက လုပ်ငန်းခွင်ပြဿနာအမျိုးမျိုး ကြုံတွေ့ရခြင်း၊ နေထိုင်မှုဘဝမလုံခြုံခြင်း၊ အဓမ္မ အလုပ်လုပ်ကိုင်ခိုင်းစေမှုများ ကြုံတွေ့ရခြင်း၊ အလုပ်ရှင် အလုပ်သမား ဖိနှိပ်ခွဲခြား ဆက်ဆံမှုများ ကြုံတွေ့ရခြင်း၊ ကျွမ်းကျင်မှု အရည်အချင်းအလိုက် ရရှိရမည့်လုပ်ခလစာကို အသိအမှတ်ပြု မရရှိခြင်း၊ ဥပဒေအရ သတ်မှတ်ရက်အလိုက်ရရှိမည့် လုပ်ခလစာမရရှိခြင်းနှင့် လုပ်အားခပြည့်ဝစွာမရရှိခြင်း၊ အလုပ်လုပ်ကိုင်ခွင့်နှင့် နေထိုင်ခွင့်သက်တမ်းတိုး ဆောင်ရွက်ရာတွင် အခက်အခဲများရှိခြင်းတို့ကို ကြုံတွေ့နေရကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တက်ရောက်လာကြသူများသည် ပြည်ပနိုင်ငံများသို့ စေလွှတ်မည့် မြန်မာလုပ်သားများအား သက်ဆိုင်ရာ နိုင်ငံများမှ ထုတ်ပြန်ထားသည့် ဥပဒေများနှင့်အညီ ကာကွယ်စောင့်ရှောက်မှုများရရှိစေရေး၊ စေလွှတ်မည့်နိုင်ငံ၌ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းစေရေး၊ သတ်မှတ်အလုပ်ချိန်နှင့် ကျွမ်းကျင်မှုအလိုက် လုပ်ခလစာများရရှိရေးအတွက် အလုပ်ရှင် အလုပ်သမား သဘောတူညီချက်စာချုပ် ခိုင်မာစွာချုပ်ဆိုနိုင်ရေး၊ ပြည်ပနိုင်ငံများမှ မိသားစု လွှဲပို့ငွေများ စနစ်တကျလွှဲပို့နိုင်ရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။



ဆွေးနွေးမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက ပြည်ပအလုပ်အကိုင် အကျိုးဆောင်လိုင်စင်ရ အေဂျင်စီများအနေဖြင့် ပြည်ပနိုင်ငံများသို့ လုပ်သားများ စေလွှတ်ရာတွင် မိမိ၏ သားသမီးများသဖွယ် သဘောထား၍ ဖြစ်ပေါ်လာနိုင်သည့် အခြေအနေ အရပ်ရပ်ကို မြော်တွေးစဉ်းစား၍ ဂုဏ်သိက္ခာရှိသော ကုမ္ပဏီများအဖြစ် ရပ်တည်ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း ပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

◎ စာမျက်နှာ ၂၄ မှ

ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသမှု ဆောင်ရွက်ခဲ့သော လှူနာနှင့် ကျောက်ကပ်အလှူရှင်တို့၏ ခွဲစိတ်ပြီး ကျန်းမာရေးအခြေအနေမှာ ကောင်းမွန်လျက်ရှိပြီး ဘာသာရပ်ဆိုင်ရာ ပါမောက္ခ/အထူးကုဆရာဝန်ကြီးများ၊ ကျွမ်းကျင်သူနာပြုများက လိုအပ်သော ပြုစုကုသမှုများကို အနီးကပ် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှုကို ပါမောက္ခဒေါက်တာ ကိုကိုနိုင်နှင့် ပါမောက္ခဒေါက်တာ ဝင်းဝင်းလှိုင်တို့ ဦးဆောင်သော ဆီးနှင့်ကျောက်ကပ်ဆေးကုသမှုဆိုင်ရာ လုပ်ငန်းအဖွဲ့၊ ပါမောက္ခဒေါက်တာ လမင်းဝင်းနှင့် ပါမောက္ခဒေါက်တာ ကျော်စိုးကျော်တို့ ဦးဆောင်သော ဆီးနှင့်ကျောက်ကပ်ခွဲစိတ်မှုဆိုင်ရာလုပ်ငန်းအဖွဲ့၊ ပါမောက္ခဒေါက်တာ ဝင်းဝင်းကျော်နှင့် အထူးကုဆရာဝန်ကြီးဒေါက်တာ သတိုးသိန်းဇံတို့ ဦးဆောင်သော နှလုံးနှင့်သွေးကြောခွဲစိတ်မှုဆိုင်ရာ လုပ်ငန်းအဖွဲ့၊ ပါမောက္ခဒေါက်တာ မီမီသော်နှင့် ပါမောက္ခဒေါက်တာ မူမူနိုင်တို့ ဦးဆောင်သော မေ့ဆေးပညာဆိုင်ရာလုပ်ငန်းအဖွဲ့၊ ဆေးတက္ကသိုလ်-မန္တလေး ပါမောက္ခချုပ် ပါမောက္ခဒေါက်တာ မျိုးသက်တင်နှင့် ပါမောက္ခဒေါက်တာ နီလာဝင်းတို့ ဦးဆောင်သော ရောဂါရှာဖွေရေးနှင့် သွေးနှင့်သွေးပစ္စည်းဆိုင်ရာအထောက်အကူပြုလုပ်ငန်းအဖွဲ့၊ ပါမောက္ခဒေါက်တာ သန္တာလွင် ဦးဆောင်သော ဓာတ်မှန်ပညာဆိုင်ရာလုပ်ငန်းအဖွဲ့၊ ဆေးရုံအုပ်ကြီး ဒေါက်တာဆန်းလွင်ဦးနှင့် ဆေးရုံစီမံခန့်ခွဲမှုအဖွဲ့ဝင်များ၊ သူနာပြုများအဖွဲ့၊ ကျွမ်းကျင်ဝန်ထမ်းများနှင့် အထောက်အကူပြုဝန်ထမ်းများ အားလုံးပူးပေါင်းဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပါမောက္ခဒေါက်တာအေးထွန်းသည် ယမန်နေ့နံနက်ပိုင်းတွင် ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ မန္တလေးတိုင်းဒေသကြီး ကုသရေးဦးစီးဌာနမှူးနှင့် တာဝန်ရှိသူများနှင့်အတူ မန္တလေးပြည်သူ့ဆေးရုံကြီး အထူးကြပ်မတ်ကုသဆောင်သို့ သွားရောက်ကာ ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှုခံယူခဲ့သော လှူနာနှင့်ကျောက်ကပ်အလှူရှင်တို့အား ကြည့်ရှုအားပေးပြီး အာဟာရပြည့် လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။ ထို့နောက် ခွဲစိတ်ကုသမှုတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသော ပါမောက္ခ/အထူးကုဆရာဝန်ကြီးများအား တွေ့ဆုံနှုတ်ဆက်ဂုဏ်ပြုစကား ပြောကြားသည်။

မန္တလေးပြည်သူ့ဆေးရုံကြီး၌ ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှုကို ၂၀၀၁ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ် မတ်လ၌ (၈၂)ကြိမ်မြောက်အဖြစ် ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှု ဆောင်ရွက်ပြီး ကိုဗစ်-၁၉ ကပ်ရောဂါ ဖြစ်ပွားမှုအခြေအနေများကြောင့် ယာယီရပ်နားခဲ့ရကာ ယခု (၈၃)ကြိမ်မြောက်အဖြစ် ပြန်လည်စတင်နိုင်ခဲ့ခြင်း ဖြစ်သည်။

ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသမှုများကို ပြည်သူ့ဆေးရုံများအနေဖြင့် အထူးကုဆေးရုံကြီး(ခုတင်-၅၀၀)ရန်ကုန်၊ နေပြည်တော်ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)နှင့် မန္တလေးပြည်သူ့ဆေးရုံကြီးတို့၌လည်းကောင်း၊ တပ်မတော်ဆေးရုံများအနေဖြင့် ရန်ကုန်ရှိ အမှတ်(၁)တပ်မတော်ဆေးရုံ(ခုတင်-၁၀၀၀)၊ နေပြည်တော်ရှိ အမှတ်(၂)တပ်မတော်ဆေးရုံ(ခုတင်-၁၀၀၀)၊ ပြင်ဦးလွင်ရှိ အမှတ်(၁)တပ်မတော်ဆေးရုံ(ခုတင်-၇၀၀)နှင့် အောင်ပန်းရှိ အမှတ်(၂)တပ်မတော်ဆေးရုံ(ခုတင်-၇၀၀) တို့၌လည်းကောင်း၊ ပုဂ္ဂလိကဆေးရုံများအနေဖြင့် ရန်ကုန်ရှိ ပန်းလှိုင်ဆေးရုံနှင့် ကန်သာယာဆေးရုံတို့၌လည်းကောင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**





# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင် “မဲခေါင်-လန်ချန်း ယဉ်ကျေးမှုအစီအစဉ်(၂၀၂၄) မြန်မာနိုင်ငံ” ရိုးရာပန်းချီအနုပညာဆိုင်ရာ စာတမ်းဖတ်ပွဲ အခမ်းအနားနှင့် ရွှေစည်းခုံစေတီတော်ကြီးအား ပြုပြင်ထိန်းသိမ်းရေးဆောင်ရွက်ရာတွင် ဘက်စုံလွှမ်းခြုံသောလုပ်ငန်းအစီအစဉ်(Master Plan)ရေးဆွဲဆောင်ရွက်နိုင်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်

**မန္တလေး ဖေဖော်ဝါရီ ၂၄**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ လိုက်ပါပြီး ယနေ့ မွန်းလွဲပိုင်းကညောင်ဦး ခရိုင်၊ ပုဂံမြို့ရှိ Royal Palace HoteL ကျန်စစ်သားခန်းမတွင်ကျင်းပသည့် “မဲခေါင်-လန်ချန်း ယဉ်ကျေးမှုအစီအစဉ်(၂၀၂၄)-မြန်မာနိုင်ငံ” ရိုးရာပန်းချီအနုပညာဆိုင်ရာစာတမ်းဖတ်ပွဲ အခမ်းအနားနှင့် ရွှေစည်းခုံစေတီတော်ကြီးအား ပြုပြင်ထိန်းသိမ်းရေးဆောင်ရွက်ရာတွင် ဘက်စုံလွှမ်းခြုံသော လုပ်ငန်းအစီအစဉ် (Master - Plan) ရေးဆွဲဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ခဲ့သည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ (၂၀၂၄)အစီအစဉ်ဖြင့်သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)က ဆောင်ရွက်သည့် “မဲခေါင်-လန်ချန်း ယဉ်ကျေးမှုအစီအစဉ် (၂၀၂၄)-မြန်မာနိုင်ငံ” အစီအစဉ်သို့ ရောက်ရှိပြီး လာအိုနိုင်ငံ၊ National Institute of Fine Arts မှ Mr. Phouthone Vithainorath နှင့် ထိုင်းနိုင်ငံ Chiang Mai University (Faculty of Fine Arts) မှ Leaturer (Ph.D)တို့မှ ရိုးရာပန်းချီအနုပညာဆိုင်ရာ စာတမ်းဖတ်ကြားနေမှုကို တက်ရောက်အားပေးခဲ့၍ အခမ်းအနားကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပခဲ့သည်။

အဆိုပါ အစီအစဉ်ကို မဲခေါင်-လန်ချန်း အဖွဲ့ဝင်နိုင်ငံများ၏ ရိုးရာပန်းချီများကို ကာကွယ်ရန်၊ မဲခေါင်-လန်ချန်းအဖွဲ့ဝင်နိုင်ငံများ၏ ရိုးရာပန်းချီများကို ထိန်းသိမ်း စောင့်ရှောက်ရန်၊ မဲခေါင်-လန်ချန်းအဖွဲ့ဝင်နိုင်ငံများအကြား အပြန်အလှန် ယုံကြည်မှုနှင့် ချစ်ကြည်ရင်းနှီးမှုကို ခိုင်မာလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်ပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါ်နုမြဇံနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Ms Ma Jia၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် ရန်ကုန်နှင့် မန္တလေးတို့မှ ပါမောက္ခချုပ်များ၊ ပန်းချီပညာဌာနမှ ဆရာ၊ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာနညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ မဲခေါင်-လန်ချန်းအဖွဲ့ဝင်နိုင်ငံများမှ ပန်းချီပညာရှင်များ၊ မြန်မာနိုင်ငံရိုးရာပန်းပညာရှင်များအစည်းအရုံးမှ ပန်းချီပညာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။







မဲခေါင်အဖွဲ့ဝင်နိုင်ငံများဖြစ်သည့် တရုတ်နိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုနိုင်ငံ၊ မြန်မာနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဗီယက်နမ်နိုင်ငံတို့မှ ပန်းချီပညာရှင်များက ပုဂံယဉ်ကျေးမှုနယ်မြေ၌ လက်တွေ့ကွင်းဆင်းပန်းချီများဖန်တီးခြင်း၊ ရိုးရာပန်းချီ အနုပညာဆိုင်ရာ စာတမ်းဖတ်ကြားခြင်း၊ ပန်းချီအနုပညာပြပွဲခင်းကျင်းပြသခြင်း၊ ယဉ်ကျေးမှု လေ့လာရေးခရီးစဉ်သွားရောက်ခြင်းစသည့် လုပ်ငန်းစဉ်(၄)ရပ်ဖြင့် ဖေဖော်ဝါရီ ၂၃ ရက်မှ ၂၇ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။



ငင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် ရွှေစည်းခုံစေတီတော်ကြီးသို့ ရောက်ရှိပြီး ရွှေစည်းခုံစေတီတော်ကြီးအား ဖူးမြော်၍ ရွှေစည်းခုံစေတီတော်ကြီးအား ပြုပြင်ထိန်းသိမ်းရေးဆောင်ရွက်ရာတွင် ဘက်စုံလွှမ်းခြုံသောလုပ်ငန်းအစီအစဉ်(Master Plan)ရေးဆွဲဆောင်ရွက်နိုင်ရေး လုပ်ငန်ညှိနှိုင်း အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။

အစည်းအဝေး၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသရှိရွှေစည်းခုံစေတီတော်ကြီးအား ပြုပြင်ထိန်းသိမ်းရေးဆောင်ရွက်ရာတွင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်များနှင့်အညီ ဘက်စုံလွှမ်းခြုံသော လုပ်ငန်းအစီအစဉ်များကို အလေးထားကာ စနစ်တကျကြပ်မတ် ဆောင်ရွက်သွားရေးတို့ကို ပြောကြားခဲ့သည်။

ငင်းနောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီးက ဘက်စုံလွှမ်းခြုံသော လုပ်ငန်းအစီအစဉ်(Master Plan) ရေးဆွဲဆောင်ရွက်နိုင်ရေးကော်မတီများဖွဲ့စည်းပြီး ကဏ္ဍအလိုက် လုပ်ငန်းများဆောင်ရွက်နေမှု၊ သမိုင်းတန်ဖိုး၊ ရှေးဟောင်းတန်ဖိုး၊ အနုပညာလက်ရာတန်ဖိုးများ မပျောက် မပျက်စီးသွားရန် စနစ်တကျပြုပြင် ထိန်းသိမ်းဆောင်ရွက်ထားရှိမှု၊ ရှေ့ဆက်ဆောင်ရွက်မည့် အစီအမံများနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြခဲ့သည်။

ဆက်လက်၍ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(ပုဂံဌာနခွဲ)ညွှန်ကြားရေးမှူးက ဘက်စုံလွှမ်းခြုံသော လုပ်ငန်းအစီအစဉ်(MasterPlan) ရေးဆွဲဆောင်ရွက်နိုင်ရေး၊ ပုဂံကမ္ဘာ့အမွေအနှစ်ဒေသရှိ ရွှေစည်းခုံစေတီတော်ဘက်စုံ စီမံခန့်ခွဲမှု လုပ်ငန်းဆောင်ရွက်မည့် အစီအစဉ်များ၊ စေတီရင်ပြင်တော်ရှိ ကြေးကူတိုက်များအတွင်း ပတ်လမ်းနှင့် အပြင်ပတ်လမ်း ဆောင်ရွက်မည့်အစီအစဉ်များ၊ ရေတိုရေရှည်ဆောင်ရွက်မည့် လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီးနောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က ဖြည့်စွက်ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဆွေးနွေးချက်များ၊ ရှင်းလင်းတင်ပြချက်များနှင့် ဖြည့်စွက်ရှင်းလင်းချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ တာဝန်ရှိသူများအား လိုအပ်သည်များကို ဖြည့်စွက်ဆောင်ရွက်ပေးပြီး လိုက်လံကြည့်ရှုခဲ့ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**


MANDALAY

- မန္တလေးမြို့တော် သန့်ရှင်းရမည်။
- မန္တလေးမြို့တော် သာယာလှပရမည်။
- မြို့တော်နေလူထု စိတ်ချမ်းသာရမည်။

သတင်း-စာမျက်နှာ ၅





## ပြည်ပသို့ ငါး၊ ပုစွန်တန်ချိန် ၃ သိန်းကျော်ထိ တင်ပို့ထား

ယခု ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်၏ ဧပြီလမှ ဇန်နဝါရီလအထိ ၁၀ လတာအတွင်းမှာ ပြည်ပသို့ ငါးနှင့် ပုစွန်တင်ပို့မှုအနေဖြင့် တန်ချိန် ၃ သိန်းကျော် တင်ပို့ထားပြီး အမေရိကန်ဒေါ်လာ သန်း ၃၆၀ ကျော်ရရှိထားကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

အဆိုပါ တင်ပို့မှုတန်ချိန် ၃ သိန်းကျော်ထဲတွင် ငါးတင်ပို့မှုက တန်ချိန် ၃၂၀၂၂၃ ဒသမ ၂၅၃ နဲ့ အများဆုံးတင်ပို့ခဲ့ခြင်းဖြစ်ပြီး ပုစွန်မှာ တန်ချိန် ၇၀၂၈ တန်ချိန်သာ တင်ပို့နိုင်ခဲ့ခြင်း ဖြစ်သည်။

'ငါးတင်ပို့မှုကနေဆိုရင် ဒေါ်လာ ၃၄၂ သန်းရတယ်။ ပုစွန်တင်ပို့မှုက ၂၃ သန်းပဲရတယ်။ တော်တော်ကွာတယ်။ ငါးက နယ်စပ်ကနေ ပိုပြီး တင်ပို့ရတယ်။ ပုစွန်ကျတော့ ရေကြောင်းကနေ ပို့တာပိုများတယ်'ဟု ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ငါးကို ပြည်ပတင်ပို့ရာမှာ ပုံမှန်ကုန်သွယ်မှုဖြစ်သည့် ရေကြောင်းမှ တင်ပို့သလို နယ်စပ်လမ်းကြောင်းမှ တင်ပို့မှုရှိရာ ငါးကို ပင်လယ်ရေကြောင်းမှ တန် ၁၄၆၄၅၆ တင်ပို့ခဲ့ပြီး နယ်စပ်ကနေ တင်ပို့မှုအနေဖြင့် တန်ချိန် ၁၇၃၇၆၆ တင်ပို့နိုင်ခဲ့သည်။

ပုစွန်ကိုလည်း ပုံမှန်ကုန်သွယ်မှုဖြစ်သည့် ရေကြောင်းမှ တင်ပို့သလို နယ်စပ်လမ်းကြောင်းမှ တင်ပို့မှုရှိကြောင်း၊ ပင်လယ်ရေကြောင်းမှ တင်ပို့မှုမှာ တန်ချိန် ၅၆၇၀ ရှိပြီး နယ်စပ်မှ တင်ပို့မှုမှာ တန်ချိန် ၁၃၅၇ သာ ရှိသည်။

မြန်မာနိုင်ငံကထွက်ရှိသည့် ငါး၊ ပုစွန် အပါအဝင် ရေထွက်ကုန်ပစ္စည်းများကို တရုတ်၊ ထိုင်း၊ ဘင်္ဂလားဒေ့ရှ်နှင့် ဂျပန်နိုင်ငံ အပါအဝင် နိုင်ငံပေါင်း ၄၀ ကျော်ကို တင်ပို့ရောင်းချနေခြင်း ဖြစ်သည်။

ရေထွက်ကုန်များကို တင်ပို့ရောင်းချရာမှာ ပြည်ပပို့ကုန်သမားများက ရန်ကုန်မြို့မှတစ်ဆင့် ပုံမှန်ရေကြောင်းကုန်သွယ်မှုမှ တင်ပို့ကြသလို နယ်စပ်ကုန်သွယ်ရေးမှလည်း တင်ပို့နေကြောင်း သိရသည်။ **ရွှေမန်း**

## ကျေးလက်လမ်းများအား ကွင်းဆင်းကြည့်ရှု စစ်ဆေး

**တံတားဦး ဖေဖော်ဝါရီ ၂၄**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ တံတားဦးမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု(လမ်းပြင်ဆင်ထိန်းသိမ်းခြင်း) ရန်ပုံငွေဖြင့် ဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိသော သားများဘ ကျေးရွာအဝင်လမ်း (0 km-2 km)အတွင်း လမ်းတာပေါင်ပျက်စီးသော အပိုင်းများအား ဂျင်းခင်းပြုပြင်ခြင်း (0.26 km x 4.57m x 100 mm) လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေအား ယမန်နေ့ မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်ဇေယျာဝင်း၊ ကျောက်ဆည်ခရိုင် လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)၊ တံတားဦးမြို့နယ် တာဝန်ခံဒေါ်သန္တာဝင်းနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မန္တလေးတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနညွှန်ကြားရေးမှူးက လမ်းများရေရှည်တည်တံ့ခိုင်မာရေး၊ လုပ်ငန်းများကို စနစ်တကျဆောင်ရွက်လုပ်ရေး၊ သတ်မှတ်ချိန်အတွင်း အချိန်မီပြီးစီးရေးနှင့်အရည်အသွေးပြည့်မီရေးတို့ ဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည် ။

အဆိုပါလမ်းမှာ သားများဘ ကျေးရွာအနီးရှိကျေးရွာ(၃)ရွာမှ အိမ်ခြေ ၅၁၈အိမ်၊ လူဦးရေ ၂၃၇၇ ဦးတို့အား ပညာရေး၊ ကျန်းမာရေး၊ ကုန်စည်စီးဆင်းရေးတို့ကို အလွယ်တကူသွားလာလျက်ရှိကြောင်း သိရသည်။

**(အောက်ပုံ)(၄၀၉)**



## မိုးသီးနှံရာသီတွင် စိုက်ပျိုးသည့် ကြံသီးနှံ(၈)ဧက ရာနှုန်းပြည့်ခုတ်သိမ်းပြီးစီးပြီ ဖြစ်

**ပွင့်ဖြူ ဖေဖော်ဝါရီ ၂၄**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်တွင် မိုးသီးနှံရာသီက စိုက်ပျိုးသည့် ကြံသီးနှံ ၈ ဧက ရာနှုန်းပြည့် ခုတ်သိမ်းပြီးစီးပြီ ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ မိုးသီးနှံစိုက်ပျိုးရာသီတွင် ဒေသခံတောင်သူများက သီးနှံဝင်ငွေတိုးပွားစေရန်နှင့် သီးနှံစိုက်ပျိုးစွမ်းအား တိုးတက်မြင့်မားရေးအတွက် ကြံသီးနှံ ၈ ဧက စိုက်ပျိုးထားရှိပြီး အဆိုပါကြံစိုက်ခင်းများကို ဒေသခံတောင်သူများက ၂၀၂၄ ခုနှစ် ဒီဇင်ဘာလကုန်တွင် ရာနှုန်းပြည့် ခုတ်သိမ်းပြီးစီးခဲ့သည်။

'မိုးသီးနှံစိုက်ပျိုးရာသီက ပွင့်ဖြူမြို့နယ်အတွင်း ကြံသီးနှံ ၈ ဧက လျာထားစိုက်ပျိုးခဲ့ရာမှာ ဒေသခံတောင်သူတွေက စိုက်ဧကပြည့်မီအောင် စိုက်ပျိုးနိုင်ခဲ့ပါတယ်။ စိုက်ပျိုးရေးအဆင်ပြေတဲ့အတွက် ကြံစိုက်ခင်းတွေဟာ အောင်မြင်ဖြစ်ထွန်းမှုလည်း ရှိပါတယ်။ မိုးရာသီက စိုက်ပျိုးခဲ့တဲ့ ကြံစိုက်ခင်းများကို ဒေသခံတောင်သူတွေက ဒီဇင်ဘာလကုန်မှာ ရာနှုန်းပြည့် ခုတ်သိမ်းဆောင်ရွက်ပြီးစီးခဲ့ပါတယ်။ ကြံအထွက်နှုန်းအနေနဲ့က တစ်ဧကကို ၁၄ တန်ထွက်ရှိပါတယ်'ဟု ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

အဆိုပါ ကြံသီးနှံစိုက်ပျိုးရေးလုပ်ငန်းသည် အခြားသီးနှံများထက် စိုက်ပျိုးစရိတ် အရင်းအနှီးနည်းပြီး ဈေးကွက်ကောင်းမွန်သဖြင့် ဒေသခံတောင်သူများက နှစ်စဉ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ကြံသီးနှံစိုက်ပျိုးခြင်းကို အားထားစိုက်ပျိုးလုပ်ကိုင်ကြကြောင်း၊ ၂၀၂၄ ခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ဒေသတွင်းရှိ ကြံစိုက်ပျိုးတောင်သူများကို စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ပန်းတိုင်အထွက်နှုန်းများ ရရှိစေရန်အတွက် စိုက်ပျိုးရေးနည်းပညာနှင့် စိုက်ပျိုးရေးသွင်းအားစုများ စနစ်တကျသုံးစွဲတတ်စေရေး လိုအပ်သည့် စိုက်ပျိုးရေးနည်းပညာများကို ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(၄၄၅)**

## နို့စားနွားမွေးမြူရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိ

**မိတ္ထီလာ ဖေဖော်ဝါရီ ၂၄**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မှ ၂၀၂၄-၂၀၂၅ ခု၊ ဘဏ္ဍာရေးနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့်ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေ ထူထောင်ခြင်းလုပ်ငန်းစီမံကိန်းတို့ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် နို့စားနွားမွေးမြူရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးချမ်းငြိမ်းဝင်းထံက သိရသည်။

မိတ္ထီလာမြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကောင်အထည်ဆောင်ရွက်သည့် မြစိမ်းရောင်စီမံကိန်းဖြင့် ဥယျာဉ်ကျေးရွာ၊ မကျီးပင်ပုကျေးရွာ၊ အုတ်ကျင်းကျေးရွာနှင့် ကန်သာအေး ကျေးရွာ(၄)ရွာတို့မှ ဒေသစပ်မျိုးနို့စားနွားမွေးမြူခြင်းကို သမဝါယမအစုအဖွဲ့ပုံစံဖြင့် ကျေးရွာတစ်ရွာလျှင် မတည်ရန်ပုံငွေကျပ်သိန်း ၃၀၀ နှင့် ကျေးရွာမှ မွေးမြူသည့်အစုအဖွဲ့မှ ထည့်ဝင်ငွေကျပ်သိန်း ၁၀၀ စုစုပေါင်းကျေးရွာတစ်ရွာလျှင် ငွေကျပ်သိန်း ၄၀၀ စီဖြင့် နို့စားနွား ၁၆ ကောင်စီဖြင့်လည်းကောင်း၊ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေဖြင့် ပေါက်ပင်သာကျေးရွာတွင် မတည်ရန်ပုံငွေကျပ်သိန်း ၃၀၀နှင့် ကျေးရွာမှ မွေးမြူသည့်အစုအဖွဲ့မှ ထည့်ဝင်ငွေကျပ်သိန်း ၁၀၀ စုစုပေါင်း ငွေကျပ်သိန်း ၄၀၀ ဖြင့် နို့စားနွား ၁၆ ကောင်နှင့် မုန့်ပင်ဆည်ကျေးရွာတွင် ငွေကျပ်သိန်း ၃၀၀ နှင့် ကျေးရွာမှ မွေးမြူသည့်အစုအဖွဲ့မှ ထည့်ဝင်ငွေကျပ်သိန်း ၁၀၀၊ စုစုပေါင်း ငွေကျပ်သိန်း ၄၀၀ ဖြင့် နိုင်ငံခြားမျိုး(ဖရီရှန်-နို့စားနွား) ၁၂ ကောင်၊ စုစုပေါင်းကျေးရွာ ၆ရွာတွင် မတည်ရန်ပုံငွေကျပ်သိန်း ၁၈၀၀ နှင့် အစုအဖွဲ့ထည့်ဝင်ငွေကျပ်သိန်း ၆၀၀၊ ပေါင်း ငွေကျပ်သိန်း ၂၄၀၀ ဖြင့် နို့စားနွား ၈၂ ကောင်အား စက်တင်ဘာလ ဒုတိယပတ်မှစတင်၍ မွေးမြူထားရှိသည်။

ယခုအခါ ကျေးရွာ ၆ ရွာမှ နွားပေါက်တိုးပွားမှုကောင်ရေ အထီးခုနှစ်ကောင် အမ ၁၁ကောင် စုစုပေါင်း တိုးပွားကောင်ရေ ၁၈ ကောင်ရှိပြီဖြစ်၍ မူလမွေးမြူထားသည့် နို့စားနွား ၈၂ ကောင်နှင့် တိုးပွားကောင် ၁၈ ကောင်၊ စုစုပေါင်း ၁၁၀ ကောင် မွေးမြူလည်ပတ်လျက်ရှိပါသဖြင့် မြို့နယ်အတွင်းရှိ ကျေးရွာ ၆ ရွာမှ နို့စားနွားမွေးမြူသည့်တောင်သူများအတွက် အကျိုးများစွာဖြစ်ထွန်းလျက်ရှိပါကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးချမ်းငြိမ်းဝင်းထံက သိရသည်။

**(၄၆၉)**

ဝ-ဝ-ဝ-ဝ-ဝ

သစ်တောသစ်ပင် ချစ်ခင်တဲ့လူမျိုး
သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး။

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## Timothee Chalamet က The Dark Knight ရုပ်ရှင်ကို နှစ်သက်



အနုပညာရှင်များတွင်လည်း ကြိုက်နှစ်သက်သည့် ရုပ်ရှင်ဇာတ်ကားများရှိကြရာ စာရင်းကောက်ယူမေးမြန်းထားရာမှ တီမိုသီချာလာမက်က The Dark Knight ရုပ်ရှင်ကို ကြိုက်နှစ်သက်ကြောင်း ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

နာမည်ကျော်အနုပညာရှင်များကို ရုပ်ရှင်ရိုက်ဖျူးအက်တစ်ခုဖြစ်သည့် လက်တာဘောက်စ်မှ အကြိုက်ဆုံး ရုပ်ရှင်လေးကားကို မေးမြန်းထားခြင်းမှာ ခေတ်စားနေပြီး တီမိုသီချာလာမက်က The Dark Knight ကိုအကြိုက်ဆုံးဟုဆိုသည်။

မင်းသမီးမာဂေါ့ထ်ရော်ဘီက True Romance ရုပ်ရှင်ကို ကြိုက်နှစ်သက်ကာ၊ ဂျက်နီဖာလောရင့်စ်က Jurassk Park ရုပ်ရှင်၊ သည်ရော့ခ်က IT ရုပ်ရှင်နှင့် အခြားအနုပညာရှင်များစွာကလည်း ဖြေဆိုပေးထားကြသည်။ (SKY)



## နာတာရှည်စိတ်ဖိစီးမှုကြောင့် အကြားအာရုံထိခိုက်ကာရေရှည်တွင် စိတ်ကျန်းမာရေးကို ချို့ယွင်းလာစေနိုင်မည်

စိတ်ဖိစီးမှုသည် မှတ်ဉာဏ်နှင့်သိမြင်မှုဆိုင်ရာ လုပ်ဆောင်ချက်များကိုသာမက နေ့စဉ်အာရုံခံစားမှုများကိုပါ သိမ်မွေ့စွာပြောင်းလဲစေနိုင်ပြီး အသံကျယ်များနှင့် အခြားသောလှုံ့ဆော်မှုများကို တုံ့ပြန်မှုနည်းလာစေနိုင်ကြောင်း အစ္စရေးသုတေသီများ မကြာသေးမီက လေ့လာတွေ့ရှိခဲ့သည်။

အစ္စရေးနိုင်ငံ၊ ဘင်ဂူရီယန်နေဂက်တက္ကသိုလ်မှ ဂတ်တပ်စ်ဘီရှရတ်နှင့် ၎င်း၏လုပ်ဖော်ကိုင်ဖက်များက ခတ်ခွဲခန်းကြွက်များဖြင့် လက်တွေ့စမ်းသပ်ကြည့်ခဲ့ခြင်း ဖြစ်သည်။

ထိုသို့လေ့လာရာမှ စိတ်ဖိစီးမှုတစ်ပတ်ကြာခံစားရသော ကြွက်များသည် ကျယ်လောင်သောအသံများကို ပိုမိုတုံ့ပြန်မှုနည်းလာပြီး ၎င်းတို့၏ ဦးနှောက်များတွင် အကြားအာရုံခံကွန်ရက်၏ လုပ်ဆောင်မှုပြောင်းလဲသွားပြီး အသံကိုစီမံဆောင်ရွက်ပုံကို ထိခိုက်စေကြောင်း ဖော်ထုတ်တွေ့ရှိခဲ့သည်။

အလားတူပင် လူတို့တွင်လည်း နာတာရှည်စိတ်ဖိစီးမှုကြောင့် စိတ်ကျန်းမာရေးကိုချို့ယွင်းလာစေနိုင်မည်ဖြစ်ကြောင်း သိရသည်။

(SCI)

## Lee Yikyung က Apan Stars Awards တွင် ဆုရရှိပြီး ရေပန်းစားလာ

ပရိသတ်အားပေးမှု တစ်ခဲနက် ရရှိထားသည့် လီရီကွမ်(ခေါ်)ဂင်ချားနားသည် Apan Stars Awards တွင် ဆုလက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားခဲ့ရာမှ ပရိသတ်ကြားရေပန်းစားမှုဖြစ်ခဲ့ကြောင်း ကိုရီးယားဘိုး ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါဆုပေးပွဲတွင် လီရီကွမ်က ချစ်သူဟောင်းဂျောင်အင်ဆန်ကို ကျေးဇူးတင်စကားထည့်၍ ပြောကြားသွားခဲ့သဖြင့် ပရိသတ်များ စိတ်ဝင်စားမှုမြင့်မားခဲ့ကြသည်။



ဆုပေးပွဲအပြီး အင်တာဗျူးတစ်ခု၌ လီရီကွမ်က သူရေပန်းစားရခြင်းအကြောင်းကို ထုတ်ပြောကြားခဲ့ရာ 'ကျွန်တော့်ကို ဖုန်းတွေအများကြီး ခေါ်ခဲ့ကြတယ်။ ကျွန်တော်ဆုရတာကို ဂုဏ်ပြုဖို့လုပ်တာမဟုတ်ဘဲ ချစ်သူဟောင်းကိစ္စနဲ့ပတ်သက်ပြီး သိချင်လို့မေးကြတာပါ'ဟု ဟာသနှောပြောကြားခဲ့၍ ပရိသတ်ချစ်မဝဖြစ်ခဲ့ကြသည်။

(SKY)

## Kim Go Eun က CINE 21 တွင် အကောင်းဆုံးမင်းသမီး ရွေးချယ်ခံရ၍ ချီးကျူးထားကြ




ကိုရီးယားအနုပညာရှင် ကင်ဂိုအွန်းသည် CINE 21 Critics/experts on Kim Goeun (Actress of the year)နှင့် အကောင်းဆုံးမင်းသမီးဆု ရွေးချယ်ခံရ၍ ကျွမ်းကျင်သူများက ချီးကျူးစကားပြောကြားထားကြကြောင်း ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ကင်ဂိုအွန်းသည် Exhuma ရုပ်ရှင်တွင် ဇာတ်ကောင်စရိုက်ကို ပီပြင်စွာပုံဖော်ပြသနိုင်သကဲ့သို့ Love in the Big City ရုပ်ရှင်တွင်လည်း ဇာတ်ရုပ်နှင့် အံဝင်ခွင်ကျဖြစ်အောင် သရုပ်ဆောင်နိုင်ခဲ့သည်။

အဆိုပါရုပ်ရှင်နှစ်ကားနှင့် အကောင်းဆုံးမင်းသမီးဆု ရွေးချယ်ခံခဲ့ရကာ ကျွမ်းကျင်သူများက ချီးကျူးစကားပြောထားကြပြီး Exhuma နှင့် Love in the Big City ရုပ်ရှင်နှစ်ကားမှာလည်း တစ်နှစ်တာအတွင်း အကောင်းဆုံးရုပ်ရှင်ဇာတ်ကားစာရင်းတွင် နံပါတ်ခုနစ်နေရာ ရောက်ရှိခဲ့သည်။ (SKY)

## Ram Charan ၏ Yevadu ရုပ်ရှင်ဇာတ်ကား တစ်ဖန်ပြန်လည် ခေတ်စားလာ




အက်ရှင်ဒရမ်မာရုပ်ရှင် Yevadu တွင် မင်းသားရမ်ချာရန် ပါဝင်ထားပြီး လက်ရှိပရိသတ်ကြား တစ်ဖန်ပြန်လည်ခေတ်စားလာကြောင်း ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါဇာတ်ကားမှာ ၂၀၁၄ ခုနှစ်က ထွက်ရှိထားပြီး IMDb ရလဒ် 4.8 ရရှိထားသော်လည်း ၂၀၂၅ခုနှစ် နှစ်စပိုင်းတွင် ပရိသတ်ကြား တစ်ဖန်ပြန်လည်ခေတ်စားလာခဲ့သည်။

မင်းသားရမ်ချာရန်နှင့် တွဲဖက် သရုပ်ဆောင်မင်းသမီးနှစ်ဦးဖြစ်သည့် ရုပ်ရတီဟာဆန်နှင့် အေမီဂျက်ဆင်တို့ အဓိကပါဝင်ထားကာ ဇာတ်အိမ်ခိုင်မာစွာနှင့် ဇာတ်ပို့ဇာတ်ရန်များစွာဖြင့် အားဖြည့်တင်ဆက်ထားသည်။

အက်ရှင်ဒရမ်မာဇာတ်ကားဖြစ်ပြီး လူမိုက်များနှောင့်ယှက်သည့်ကြားမှ အန္တရာယ်မျိုးစုံကို ကျော်ဖြတ်၍ လိုချင်သည့်အရာကို ရယူအောင်ကြိုးစားခဲ့သူတစ်ဦးအကြောင်း ရိုက်ပြထားရာ ပရိသတ်အချို့က အာလူးအာချွန်နှင့် ဘိုင်ရာဘာမျက်နှာ ချိန်းလိုက်သည့် ဇာတ်ကားဟု မှတ်ချက်ပေးထားကြသည်။ (SKY)

## Hitman's Wife's Bodyguard တွင် ဝါရင့်အနုပညာရှင်များ၏ အက်ရှင်ဟာသပြသထား

ဝါရင့်အနုပညာရှင်များ ပါဝင်ထားပြီး မော်ဂန်ဖရီးမင်းကိုပါ အားဖြည့်ထားကာ အက်ရှင်ဟာသအဖြစ်ရိုက်ကူးထားသည့် Hitman's Wife's Bodyguard မှာ အပိုင်းနှစ်အဖြစ် ထွက်ရှိထားကြောင်း ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။




အပိုင်းတစ်ရုပ်ရှင်မှာ The Hitman's Bodyguard ဖြစ်ပြီး သရုပ်ဆောင် ရိုင်ယန်ရေးနိုးစ်၊ ဆယ်မြူရယ်အယ်လ်ဂျက်ဆင်၊ ဆယ်လ်မာဟာရက်တို့နှင့်အတူ ဒုတိယပိုင်းတွင် မော်ဂန်ဖရီးမင်းကိုပါ အားဖြည့်ရိုက်ကူးထားသည်။

အဆိုပါရုပ်ရှင်တွင် လူသတ်သမား၊ သက်တော်စောင့်နှင့် လူလိမ်မတို့ သုံးဦးတွဲ၍ ပေါက်ကရလုပ်ရင်းမှ ကမ္ဘာကြီးကိုကယ်တင်ရမည့် လမ်းစပေါ် ရောက်သွားပုံကို အက်ရှင်ဟာသဇာတ်ကားအဖြစ် မြင်တွေ့ရသဖြင့် ပရိသတ်အားပေးမှုမြင့်မားစွာရရှိ ထားသည်။ (SKY)

## Ji Ye Eun ကို Running Man အဖွဲ့ဝင်သစ်အဖြစ် အတည်ပြုထား

နာမည်ကျော်ရသစုံ ရှိုးတစ်ခုဖြစ်သည့် Running Man အဖွဲ့သည် အဖွဲ့ဝင်ရှစ်ဦးနှင့် စတင်ခဲ့ပြီး လူသိများကျော်ကြားလာကာ အဖွဲ့ဝင်ဟောင်းများ နုတ်ထွက်ခဲ့ကြပြီး အဖွဲ့ဝင်သစ်များ ပါဝင်လာရာမှ ဂျီရီအွန်းလည်း အဖွဲ့ဝင်သစ်အဖြစ် အတည်ပြုထားသည်ဟု ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

နိုင်ငံအချစ်တော် အမ်စီယူဂျေဆွတ်၊ ကင်ဆွတ်ဂျင်၊ ကင်ဂျောင်ကု၊ ဟားဟား၊ ဆောင်ဂျီဟို၊ လီကွမ်ဆူ၊ ဂန်ဂယ်ရီ၊ ဆောင်ဂျောင်ကီးတို့ ရှစ်ဦးနှင့်စတင်ခဲ့ပြီး ဆောင်ဂျောင်ကီး၊ ဂန်ဂယ်ရီနှင့် လီကွမ်ဆူတို့ ထွက်သွားခဲ့၍ ယန်းဆောင်ချမ်း၊ ရီနှင့် လီကွမ်ဆူတို့ ထွက်သွားခဲ့၍ ယန်းဆောင်ချမ်းကို အစားထိုးခဲ့ကြသည်။

ပရိသတ်များက လက်မခံ၍ အဖွဲ့မှနုတ်ထွက်ခဲ့ကာ ခြောက်လတာ ဧည့်သည်တော်အဖြစ် ပါဝင်ခဲ့သည့် ဂျီရီအွန်းကို အဖွဲ့ဝင်သစ်အဖြစ် အတည်ပြုကြောင်း တရားဝင်ကြေညာခဲ့ခြင်းဖြစ်သည်။ ပရိသတ်လက်ခံမှု ရှိ၊ မရှိကိုလည်း စောင့်ကြည့်ရမည်ဟု ပြောကြားထားသည်။

(SKY)



# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## နယူးဇီလန်နိုင်ငံ စီးပွားရေးဝန်ကြီး အန်ဒရူးဘောလီ မဖွယ်မရာသောအပြုအမူကြောင့် နုတ်ထွက်လိုက်ပြီ



**ဝယ်လင်တန် ဖေဖော်ဝါရီ ၂၄**

နယူးဇီလန်နိုင်ငံ စီးပွားရေးဝန်ကြီး အန်ဒရူးဘောလီသည် လွန်ခဲ့သောအပတ်က ဝန်ထမ်းတစ်ဦး၏ လက်မောင်းအပေါ်ပိုင်းသို့ မိမိ၏လက်ကို တင်ခဲ့မိသည်ဟုဆိုကာ ဖေဖော်ဝါရီ ၂၄ ရက်က ရာထူးမှနုတ်ထွက်လိုက်ပြီဖြစ်ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

လွန်ခဲ့တဲ့အပတ်က ကျွန်တော်ဟာ ဝန်ထမ်းတစ်ယောက်ကို အလုပ်နဲ့ပတ်သက်ပြီး စိတ်လှုပ်ရှားဖွယ်ဆွေးနွေးမှုတစ်ခုပြုလုပ်ခဲ့ပါတယ်။ ကျွန်တော့အနေနဲ့ ဆွေးနွေးမှုကိုလွန်ကဲသွားပြီး သူ့လက်မောင်းအထက်ပိုင်းပေါ်ကို ကျွန်တော့လက်တင်မိခဲ့ပါတယ်။ ဒါဟာမသင့်တော်ပါဘူးဟု ၄င်းက ရှင်းလင်းပြောကြားသည်။

ငြင်းခုံမှုမဟုတ်ဘဲ စိတ်လှုပ်ရှားဖွယ်ဆွေးနွေးမှုတွင် ကြုံတွေ့ခဲ့ရသော ထိုဖြစ်ရပ်နှင့်ပတ်သက်၍ မိမိအနေဖြင့် အလွန်နက်ရှိုင်းစွာနောင်တရမိကြောင်း ၄င်းက ဆက်လက်ပြောကြားသည်။

၄င်းသည် လွန်ခဲ့သောအောက်တိုဘာလက ခြံအလုပ်သမားတစ်ဦးကို ကြမ်းတမ်းစွာ စကားလုံးများ သုံးနှုန်းခဲ့သည်ဟု စွပ်စွဲခံရပြီးနောက် လူသိရှင်ကြားတောင်းပန်ခဲ့ဖူးကြောင်း သိရသည်။ **Mon**

0-0-0-0-0



## ဂျာမနီဝန်ကြီးချုပ်တာဝန် ထမ်းဆောင်ခွင့်ရမည့် ဖရက်ဒရိတ်မားဇ် အစိုးရဖွဲ့စည်းရာတွင် အနည်းနှင့်အများ အခက်ကြုံရဦးမည်

**ဘာလင် ဖေဖော်ဝါရီ ၂၄**

ဖရက်ဒရိတ်မားဇ်၏ စီဒီယူစီ၊ အက်စ်ယူ မဟာမိတ်အင်အားစုက ဖေဖော်ဝါရီ ၂၃ ရက် ရွေးကောက်ပွဲတွင် ထောက်ခံမဲ၏ ၂၈ ဒသမ ၆ ရာခိုင်နှုန်းဖြင့် နေရာ ၂၀၈ နေရာရရှိခဲ့ပြီး ယခင်ရွေးကောက်ပွဲတွင်ရရှိခဲ့သော မဲအရေအတွက်ထက် နှစ်ဆပိုမိုရရှိခဲ့သော AfD သည် နေရာ ၁၅၂ နေရာနှင့် မဲ၏ ၂၀ ဒသမ ၈ ရာခိုင်နှုန်းဖြင့် ဒုတိယနေရာတွင် ရပ်တည်ခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြသည်။

သက်တမ်းကုန်သွားသော ဝန်ကြီးချုပ် အိုလတ်ဖ်ရှုလ်ဇ်၏ သုံးပါတီညွန့်ပေါင်းအစိုးရတွင် ဦးဆောင်ခဲ့သည့် အက်စ်ဒီပီပါတီမှာမူ ဒုတိယကမ္ဘာစစ်အပြီးတွင် အဆိုးရွားဆုံးမဲရလဒ်ဖြစ်သော အမတ်နေရာ ၁၂၀ သာရရှိခဲ့သည်။

ဖရက်ဒရိတ်မားဇ်အနေဖြင့် ဂျာမနီဝန်ကြီးချုပ်တာဝန် ထမ်းဆောင်ခွင့်ရမည်ဖြစ်သော်လည်း ညွန့်ပေါင်းအစိုးရဖွဲ့စည်းရာတွင် အနည်းနှင့်အများ အခက်ကြုံရဦးမည်ဖြစ်ကြောင်း သိရသည်။ **Mon**

## ရုရှားလုံခြုံရေးကောင်စီ အတွင်းရေးမှူး ဆာဂေးရှိုအီဂူ အင်ဒိုနီးရှားနှင့် မလေးရှားနှစ်နိုင်ငံသို့ အလုပ်ခရီးစတင်

**မော်စကို ဖေဖော်ဝါရီ ၂၄**

သမ္မတ ဗလာဒီမာပူတင်၏ မဟာမိတ်ဖြစ်သူ ရုရှားလုံခြုံရေးကောင်စီအတွင်းရေးမှူး ဆာဂေးရှိုအီဂူသည် လုံခြုံရေးနှင့် ကာကွယ်ရေးကိစ္စရပ်များကိုဆွေးနွေးရန် အင်ဒိုနီးရှားနှင့် မလေးရှားနှစ်နိုင်ငံသို့ ဖေဖော်ဝါရီ ၂၄ ရက်က အလုပ်ခရီးစတင်ခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ထိုခရီးစဉ်အတွင်း ရှိုအီဂူအနေဖြင့် လုံခြုံရေးနှင့်ကာကွယ်ရေးအပါအဝင် နှစ်နိုင်ငံဆက်ဆံရေးဆိုင်ရာ လက်ရှိအရေးကိစ္စများနှင့် အပြန်အလှန်အကျိုးစီးပွားရှိသော အခြားနယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်မှုများတိုးတက်စေရန် ဆွေးနွေးမည်ဟု ဆိုသည်။

၂၀၁၂ ခုနှစ်မှ ယခုနှစ်မေလ ရာထူးပြောင်းရွှေ့ချိန်အထိ ရုရှား၏ ကာကွယ်ရေးဝန်ကြီးဖြစ်ခဲ့သော ရှိုအီဂူက အနောက်တိုင်းသည် ယူကရိန်းကိုအသုံးပြု၍ ရုရှားကို နည်းဗျူဟာကျကျရှုံးနိမ့်အောင်လုပ်ဆောင်ရန် ကြိုးစားသော်လည်း အောင်မြင်ခြင်းမရှိဟု ပြောကြားခဲ့သည်။

အင်ဒိုနီးရှားသည် ကမ္ဘာ့စီးပွားရေးထုတ်လုပ်မှု၏ ၃၅ ရာခိုင်နှုန်းကိုရရှိထားသော အဓိကပေါ်ထွန်းလာသည့် စီးပွားရေးအုပ်စုဖြစ်သည့် ဘရစ်ခ်စ်အုပ်စုတွင် ပါဝင်လိုကြောင်း အောက်တိုဘာလက ကြေညာခဲ့ပြီးနောက် ရုရှားသည် အနောက်အုပ်စုနှင့်ဟန်ချက်ညီစေရန် အင်ဒိုနီးရှားနှင့်ဆက်ဆံရေးကို အလေးထားမြှင့်တင်လျက်ရှိကြောင်း သိရသည်။ **Mon**



## ဂျပန်နိုင်ငံတွင် နှစ်ပတ်ကြာ ဆီးနှင်းများကျပြီးနောက် နှင်းမုန်တိုင်းများကို ရင်ဆိုင်ရလိမ့်မည်ဟု ခန့်မှန်းထား

**တိုကျို ဖေဖော်ဝါရီ ၂၄**

ဂျပန်နိုင်ငံတွင် နှစ်ပတ်ကြာ ဆီးနှင်းများကျပြီးနောက် နှင်းမုန်တိုင်းများကို ရင်ဆိုင်ရလိမ့်မည်ဟု ခန့်မှန်းထားပြီး နှင်းများကျဆင်းခြင်းနှင့် ရေခဲနေသောလမ်းများကို လူအများသတိထားကြရန် ဂျပန်မိုးလေဝသအေဂျင်စီက ဖေဖော်ဝါရီ ၂၄ ရက်တွင် ကြေညာလိုက်ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

အထူးသဖြင့် ဂျပန်ပင်လယ်နှင့် မျက်နှာချင်းဆိုင်ဒေသများတွင် နှစ်စဉ် နှင်းများလွန်ကဲစွာကျဆင်းလေ့ရှိပြီး နှင်းလျှောစီးအပန်းဖြေစခန်းများရှိသောကြောင့် နိုင်ငံခြားမှ ခရီးသွားဧည့်သည်များ များပြားလာသည်။

သို့ရာတွင် ယခုလအတွင်း မြို့ကြီးများစွာတွင် နှင်းများထူထပ်စွာကျဆင်းမှု စံချိန်တင်ခဲ့ပြီး ယာဉ်ကြောပိတ်ဆို့မှုများနှင့် သေဆုံးမှုများ ဖြစ်ပေါ်စေခဲ့သည်။

နီအိဂတနှင့် နာဂါနိုစီရင်စုများအပြင် ဟိုရိုရှီးမားနှင့် ရှိမနဲ့စီရင်စုများအပါအဝင် အနောက်ပိုင်းဒေသများတွင် နှင်းများဆက်လက်ကျဆင်းနိုင်ကြောင်း ဂျပန်မိုးလေဝသအေဂျင်စီက ထုတ်ပြန်ကြေညာသည်။

နှင်းများကျဆင်းခြင်း၊ ရေခဲနေသောလမ်းများနှင့် ရေပိုက်များရေခဲခြင်းတို့နှင့်ပတ်သက်၍လည်း ဒေသခံများကို သက်ဆိုင်ရာက သတိပေးထားကြောင်း သိရသည်။ **Mon**

# STOP AIDS



## ပြည်တွင်းရောင်းအားနှင့် ပို့ကုန်များအားနည်းခြင်းကြောင့် ထိုင်းနိုင်ငံရှိ ကားထုတ်လုပ်မှု ယခင်နှစ်ထက် ကျဆင်း

**ဘန်ကောက် ဖေဖော်ဝါရီ ၂၄**

ထိုင်းနိုင်ငံရှိ ကားထုတ်လုပ်မှုသည် ပြည်တွင်းရောင်းအားနှင့် ပို့ကုန်များအားနည်းခြင်းကြောင့် ယခင်နှစ်ထက် ၂၄ ဒသမ ၆၃ ရာခိုင်နှုန်းကျဆင်းကာ ယမန်နှစ်ဇန်နဝါရီလတွင် ၁၀၇၁၀၃ စီးသာ ထုတ်လုပ်နိုင်ခဲ့သည်ဟု ထိုင်းစက်မှုလုပ်ငန်းများအဖွဲ့ချုပ်က ဖေဖော်ဝါရီ ၂၄ ရက်တွင် ကြေညာခဲ့ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

ထိုင်းနိုင်ငံသည် အရှေ့တောင်အာရှတွင် အကြီးဆုံးသော ကားထုတ်လုပ်ရေးစင်တာဖြစ်ပြီး တိုယိုတာနှင့် ဟွန်ဒါအပါအဝင် ကမ္ဘာ့ထိပ်တန်း ကားထုတ်လုပ်သည့်ကုမ္ပဏီကြီးများ၏ ပို့ကုန်အခြေစိုက်စင်တာလည်း ဖြစ်သည်။

ကျွန်တော်အရမ်းအံ့သြသွားပါတယ်။ ထုတ်လုပ်မှုအရေအတွက်တွေက တကယ့်ကိုနည်းနေပါတယ်ဟု သတင်းစာရှင်းလင်းပွဲတွင် မော်တော်ကားလုပ်ငန်းဌာနမှ ပြောရေးဆိုခွင့်ရှိသူ ဆူရာပေါင်းပါဆစ်ပတ်တနာပေါင်က ပြောကြားခဲ့သည်။

ထုတ်လုပ်မှုကျဆင်းခြင်းသည် ဒီဇင်ဘာလက ယခင်နှစ်ထက် ၁၇ ဒသမ ၃၇ ရာခိုင်နှုန်း ကျဆင်းခြင်းထက် ပိုမိုများပြားပြီး ထုတ်လုပ်မှု ၁၈ လကြာ ဆက်တိုက်ကျဆင်းနေခြင်းလည်းဖြစ်ကြောင်း သိရသည်။ **Mon**

နှစ်နိုင်ငံပူးတွဲ စစ်ရေးလေ့ကျင့်ရန် ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တော်အရှေ့မြောက်ဘက် ဆူဘစ်ပင်လယ်အော်ဆိပ်ကမ်းတွင် ဆိုက်ကပ်ထားသော ပြင်သစ်ရေတပ်မှ ချားလ်စ်ဒီဂေါလေယာဉ်တင်သင်္ဘောကြီးကို တွေ့ရစဉ်။ **Mon**





## ကြက်အကောင်ရေ သန်း ၄၀ ကျော်ကို သတ်ဖြတ်ခဲ့ရပြီးနောက် အမေရိကန်ဈေးကွက်တွင် ကြက်ဥဈေးနှုန်းများ မြင့်တက်နေ

**ဝါရှင်တန် ဖေဖော်ဝါရီ ၂၄**

အမေရိကန်ဈေးကွက်တွင် ကြက်ဥဈေးနှုန်းများ သိသာစွာမြင့်တက်လာလျက်ရှိကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

ယခုနှစ်အတွင်း ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှုကြောင့် ကြက်အကောင်ရေ သန်း ၄၀ ကျော်ကို သတ်ဖြတ်ခဲ့ရပြီး နောက်ဆက်တွဲအကျိုးဆက်အဖြစ် ယခုအခါတွင် ကြက်ဥအရေအတွက်လျော့နည်းလာပြီး ဈေးနှုန်းများ သိသိသာသာမြင့်တက်လာခြင်းဖြစ်သည်။

ယင်းအခြေအနေကြောင့် အမေရိကန်ရှိ မုန့်ဖုတ်ဆိုင်များစွာသည် ကြက်ဥအကျပ်အတည်းနှင့်ပတ်သက်၍ မည်သို့ဖြေရှင်းရမည်ကို စဉ်းစားနေရင်း ထုတ်ကုန်ဈေးနှုန်းများကို မြှင့်တင်ရတော့မည့်ကိန်းဆိုက်နေကြောင်း သိရသည်။ **Mon**




ထိန်းသိမ်းထားသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးနိုင်ရေး ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်စဉ်။

# မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၁၅၀ ထပ်မံစစ်ဆေး ဖော်ထုတ်ထိန်းသိမ်းခဲ့

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများတွင် ဖြစ်ပေါ်လျက်ရှိသည့် တရားမဝင်အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ အပါအဝင် ဒုစရိုက်မှုများကို ထိထိရောက်ရောက် နှိမ်နင်းဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မြဝတီမြို့ - ရွှေကုက္ကိုလ်နှင့် KK Park နယ်မြေများသို့ တရားမဝင်လမ်းကြောင်းများမှတစ်ဆင့် ဝင်ရောက်နေကြသည့် ပြည်ပနိုင်ငံသား ၁၅၀ ကို ထပ်မံစစ်ဆေး ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည်။

အဆိုပါ ထိန်းသိမ်းထားသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေးလိုအပ်သည့်ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်းများကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် နေ့ချင်းပြီး ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၃၀ ရက်မှ ဖေဖော်ဝါရီ ၂၄ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၂၃၇၀ ကို စစ်ဆေး ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၆၇၃ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ လွှဲပြောင်းပေးအပ်ခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၆၉၇ ဦးကို သက်ဆိုင်ရာ နိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ထိန်းသိမ်းထားရှိသည့် ပြည်ပနိုင်ငံသား ၂၃၇၀ သည် တရုတ်၊အင်ဒိုနီးရှား၊ဗီယက်နမ်၊ မလေးရှား၊ ပါကစ္စတန်၊ အိန္ဒိယ၊ ယူဂန်ဒါ၊ အီသီယိုးပီးယား၊ နီပေါ၊ ထိုင်း၊ ရဝမ်ဒါ၊ ကင်ညာ၊ ကာဇက်စတန်၊ ကမ္ဘောဒီးယားနှင့်တရုတ်(တိုင်ပေ)တို့မှ နိုင်ငံသားများဖြစ်ကြပြီး အများစုမှာ တရုတ်နိုင်ငံသားများဖြစ်ကြကြောင်း သိရသည်။

သတင်းစဉ်

## သက်တမ်းလွန်စားသောက်ကုန်များနှင့် ဆေးဝါးများ ကွင်းဆင်းစစ်ဆေး



**နန်းယွန်း ဖေဖော်ဝါရီ ၂၄**

နာဂဒေသ၊ နန်းယွန်းမြို့ ဈေးဆိုင်များတွင် ဖေဖော်ဝါရီ ၂၁ ရက် နံနက်ပိုင်းက သက်တမ်းလွန်စားသောက်ကုန်များနှင့် ဆေးဝါးများကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။ (ဝဲပုံ)

နန်းယွန်းမြို့၊ မြို့မဈေး အတွင်းရှိ စည်ပင်သာယာဈေးဆိုင်များကိုလည်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအာကာတင်ဦးနှင့်ဝန်ထမ်းများ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မီးသတ်ဦးစီးဌာနအဖွဲ့များ၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများ ပူးပေါင်းကွင်းဆင်း စစ်ဆေးခဲ့ခြင်း ဖြစ်သည်။

ကွင်းဆင်းစစ်ဆေးခြင်းနှင့်အတူ နန်းယွန်းမြို့မစည်ပင်သာယာဈေးဆိုင်များ ကုန်စည်ပြတ်လပ်မှုမရှိစေရေးနှင့် ကျန်းမာရေးနှင့်ညီညွတ်မှု ရှိ၊ မရှိ ကုန်ညွှန်းအမှတ်တံဆိပ် ပါ၊ မပါ စစ်ဆေးကာ အသိပညာပေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(၃၉၄)

၀-၀-၀-၀-၀

## ကျိုင်းတုံမြို့နယ်တွင် အိုက်စ်(မက်သ်အဖက်တမင်း)များ ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၂၁ ရက် ညနေ ၃ နာရီ ၁၀ မိနစ်က သက်သေများနှင့်အတူ ကျိုင်းတုံမြို့နယ်၊ ဝမ်တာပုံကျေးရွာအနီးတွင် မော်တော်ယာဉ်များအား စစ်ဆေးရှာဖွေစဉ် မိုင်းခတ်မြို့ဘက်မှ ကျိုင်းတုံမြို့ဘက်သို့ စိုင်းရီသန်း မောင်းနှင်လာသည့် TOYOTA HIACE အမျိုးအစား မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်တွင် သိုဝှက်သယ်ဆောင်လာသော အိုက်စ်(မက်သ်အဖက်တမင်း)အလေးချိန် ၅၀ ကီလိုနှင့် လက်ကိုင်ဖုန်း ၁ လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် စိုင်းရီသန်း(၃၃)နှစ်အား ကျိုင်းတုံမြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်များဖော်ထုတ်လျက်ရှိသည်။ **(အောက်ပုံ) (မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



## ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အင်ဖက်များအခမဲ့ဖြန့်ဝေခြင်းနှင့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်

**သရက် ဖေဖော်ဝါရီ ၂၄**

မကွေးတိုင်းဒေသကြီး သရက်မြို့၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပြည်သူများ ပလတ်စတစ်အိတ်လျှော့နည်းသုံးစွဲစေရန် ရည်ရွယ်၍ မြို့နယ်စည်ပင်သာယာရေး မြို့မဈေးအတွင်း ဈေးရောင်း၊ ဈေးဝယ်ပြည်သူများအား ပလတ်စတစ်ကြွပ်ကြွပ်အိတ်အစား ၄က်ပျောဖက်၊ အင်ဖက်စက္ကူအိတ်များအသုံးပြုနိုင်ရေး အသိပညာပေးခြင်း Campaign နှင့် အင်ဖက်များ အခမဲ့ဖြန့်ဝေခြင်းကို ယနေ့ နံနက် ၈ နာရီက မြို့မဈေးအတွင်း ဆောင်ရွက်ခဲ့သည်။



အဆိုပါလုပ်ငန်းများ ဆောင်ရွက်ရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ ကျန်းမာရေးဦးစီးဌာနမှဝန်ထမ်းများ၊ စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနမှ ဝန်ထမ်းများ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ဝန်ထမ်းများကဈေးရောင်း၊ ဈေးဝယ်ပြည်သူများအား ဈေးဝယ်ယူရာတွင် လက်ဆွဲခြင်းများ၊ ထည့်စရာယူဆောင်လာရန် အသိပညာပေးခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းနှင့် အင်ဖက်၊ စက္ကူအိတ်များအခမဲ့ ဖြန့်ဝေကာ ပလတ်စတစ်အိတ်ကြွပ်ကြွပ်အိတ်အသုံးပြုမှုလျှော့ချရေး အသိပညာပေးပြောကြားခဲ့ကြောင်း သိရသည်။ (ဝဲပုံ)

**စော်ထက်(သရက်)**

## မိုင်းခတ်မြို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၂၃ရက် မွန်းလွဲ ၁ နာရီက သတင်းအရ သက်သေများနှင့်အတူ မိုင်းဆတ်မြို့နယ်၊ မိုင်းခုတ်မြို့၊ ရှခင်းသာ(၁) ကျေးရွာအနီးတွင် လမ်းလျှောက်လာသူကျဒအား စစ်ဆေးရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ပြားအား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ကျဒ(၂၁)နှစ်အား မိုင်းခုတ်နယ် မြေရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီးကွင်းဆက်များ ဖော်ထုတ်လျက်ရှိသည်။

(ယာပုံ)

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

*-*-*-*-*



# PDF အမည်ခံ အကြမ်းဖက်သမားများက ရွှေဘိုမြို့နယ် ခွန်တောင်းကြီးကျေးရွာအနီး လယ်ယာလုပ်ငန်းဆောင်ရွက်နေသည့် ဒေသခံပြည်သူများအား လက်နက်ငယ်များဖြင့် အကြောင်းမဲ့ပစ်ခတ်ခဲ့မှုကြောင့် အပြစ်မဲ့ အရပ်သားပြည်သူ သုံးဦး လက်နက်ငယ်ကျည် ထိမှန်ဒဏ်ရာများရရှိ

နေပြည်တော် ဖေဖော်ဝါရီ ၂၄

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် ခွန်တောင်းကြီးကျေးရွာအနီး လယ်လုပ်ငန်းဆောင်ရွက်နေသည့် ဒေသခံပြည်သူများအား PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် အကြောင်းမဲ့ လာရောက်ပစ်ခတ်ခဲ့မှုကြောင့် အပြစ်မဲ့ အရပ်သားပြည်သူအမျိုးသမီး သုံးဦး လက်နက်ငယ်ကျည်ထိမှန်ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ ခွန်တောင်းကြီးကျေးရွာနေ မသန္တာထွေး(ဘ)ဦးဝင်းမြင့်၊ မသန်းသန်းစိုး (ဘ)ဦးဝင်းဘိုနှင့် ဒေါ်ပပဦး(ဘ)ဦးစိန်သန်းတို့ သုံးဦးသည် ကျေးရွာ၏ အရှေ့တောင်ဘက် မီတာ ၁၁၀၀ ခန့်အကွာရှိ လယ်ကွင်းများအတွင်း ပေါင်းမြက်များ ရှင်းလင်းနေစဉ် ယနေ့နံနက် ၉ နာရီ မိနစ် ၄၀ ခန့်တွင် PDF အမည်ခံအကြမ်းဖက်သမားများက လယ်ကွင်း၏ အရှေ့ဘက် မီတာ ၂၀၀ ခန့်အကွာမှနေ၍ လက်နက်ငယ်များဖြင့် အကြောင်းမဲ့လာရောက်ပစ်ခတ်ခဲ့မှုကြောင့် ၎င်းတို့တွင် လက်နက်ငယ်ကျည် ထိမှန်ဒဏ်ရာများ ရရှိခဲ့ကြောင်းနှင့် ရွှေဘိုမြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်၍ လိုအပ်သည့်ဆေးဝါးကုသမှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

PDF အမည်ခံအကြမ်းဖက်သမားများ၏ ယခုကဲ့သို့ အကြောင်းမဲ့ ပစ်ခတ်တိုက်ခိုက်မှုများကြောင့် အပြစ်မဲ့ ဒေသခံပြည်သူ သေဆုံး၊ ဒဏ်ရာရရှိမှုများ မကြာခဏဖြစ်ပေါ်လျက်ရှိပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်းနှင့် ဖြစ်စဉ်ဖြစ်ပွားရာ နေရာတစ်ဝိုက်အား လိုအပ်သောလုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

PDF အမည်ခံအကြမ်းဖက်သမားများက လယ်ယာလုပ်ငန်း ဆောင်ရွက်နေသည့် အပြစ်မဲ့ပြည်သူများအား လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်သည့်နေရာပြပုံ










PDF အမည်ခံအကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်ခဲ့မှုကြောင့် အပြစ်မဲ့ပြည်သူများ လက်နက်ငယ်ကျည် ထိမှန်ဒဏ်ရာများ ရရှိခဲ့မှု။

PDF အမည်ခံအကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်ခဲ့မှုကြောင့် အပြစ်မဲ့ပြည်သူများ လက်နက်ငယ်ကျည် ထိမှန်ဒဏ်ရာများ ရရှိခဲ့မှု။

# နွားထိုးကြီးမြို့နယ် မာန်လည်ကျေးရွာကို လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်မှုကြောင့် ပြည်သူနှစ်ဦး ဒဏ်ရာများရရှိခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများ မဟုတ်မမှန်ရေးသားဖြန့်ဝေ

နေပြည်တော် ဖေဖော်ဝါရီ ၂၄

မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးမြို့နယ် မာန်လည်ကျေးရွာကို ဖေဖော်ဝါရီလ ၂၃ ရက်က လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်ခဲ့ရာ အပြစ်မဲ့ပြည်သူနှစ်ဦး ထိခိုက်ဒဏ်ရာများရရှိခဲ့သည်ဟု တရားမဝင်ပြည်ဖျက်မီဒီယာများက လူမှုကွန်ရက်တွင် သတင်းတု၊ သတင်းအမှားများ မဟုတ်မမှန်ရေးသား ဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်အမှန်မှာ ယင်းရက်က နွားထိုးကြီးမြို့နယ် မာန်လည်ကျေးရွာ အနီးတစ်ဝိုက်တွင် အကြမ်းဖက်လုပ်ငန်းများ လုပ်ဆောင်ရန်အတွက် PDF အမည်ခံအကြမ်းဖက်သမားများ ရောက်ရှိစုဖွဲ့နေကြောင်း တာဝန်သိပြည်သူတစ်ဦး၏သတင်းပေးပို့ချက်အရ လိုအပ်သည့်နယ်မြေလုံခြုံရေး ဆောင်ရွက်ခဲ့ကြောင်း၊ ထိုသို့ဆောင်ရွက်ခဲ့ရာ အကြမ်းဖက်သမားများ ထိခိုက်ဒဏ်ရာများ ရရှိခဲ့သည်ကို တရားမဝင်ပြည်ဖျက်မီဒီယာများက ပြည်သူများ အထင်အမြင်လွဲမှားစေရန် သတင်းတု၊ သတင်းအမှားများဖြင့် မဟုတ်မမှန် လုပ်ကြံရေးသားပြီး လွှင့်ဆော်ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရှိရသည်။

သတင်းစဉ်




# အကျဉ်းသူ သေဆုံးပြီး သတင်းမပေါက်ကြားရန် ဖုံးကွယ်ထားဟု မဟုတ်မမှန် စွပ်စွဲရေးသား

နေပြည်တော် ဖေဖော်ဝါရီ ၂၄

မန္တလေး အိုးဘိုထောင်တွင် နိုင်ငံရေးအကျဉ်းသူ အသက် ၆၅ နှစ်အရွယ် ဒေါ်စန်းရီ သေဆုံးသွားခဲ့ပြီး စစ်တပ်က သတင်းမပေါက်ကြားရန် ဖုံးကွယ်ထားသည်ဟု Khit Thit Media အမည်ခံ Facebook Page က မဟုတ်မမှန် စွပ်စွဲရေးသား ဖော်ပြခဲ့သည်ကို တွေ့ရှိရသည်။

အကျဉ်းထောင်၌ နိုင်ငံရေး အကျဉ်းသား၊ အကျဉ်းသူဟူ၍ မရှိဘဲ တည်ဆဲဥပဒေတစ်ရပ်ရပ်ကို ချိုးဖောက်ကျူးလွန်၍ ပြစ်ဒဏ်ကျခံနေရသူများရှိပြီး အကျဉ်းသူ မစန်းရီသည် အကြမ်းဖက် ပုဒ်မ ၅၂(က) ဖြင့် ထောင်ဒဏ် ခုနစ်နှစ်ကို မန္တလေးဗဟိုအကျဉ်းထောင်၌ ပြစ်ဒဏ်ကျခံနေရသူဖြစ်သည်။

ယင်းအကျဉ်းသူသည် အကျဉ်းထောင်သို့ မရောက်ရှိမီ ပြင်ပ၌ နေထိုင်စဉ်ကတည်းက အစာအိမ်ရောင်ရောဂါ၊ သွေးတိုးရောဂါ ခံစားနေရသူဖြစ်ပြီး သွေးတိုးရောဂါအတွက် သွေးကျဆေးပုံမှန် သောက်သုံးနေရသူ ဖြစ်သော်လည်း လက်ရှိတွင် ကျန်းမာရေး အခြေအနေ ကောင်းမွန်လျက်ရှိကာ အကျဉ်းထောင် အမျိုးသမီးဆောင်၌ ပြစ်ဒဏ်ကျခံလျက်ရှိသည့်အတွက် ဖေဖော်ဝါရီ ၁၀ ရက်က အကျဉ်းသူ မစန်းရီ သွေးတိုး၊ ဆီးချို၊ နှလုံး၊ အသည်းရောဂါတို့ဖြင့် သေဆုံးသည် ဆိုသည်မှာ မှန်ကန်မှုမရှိကြောင်း သိရသည်။

ထို့ပြင် ကျန်းမာရေးမကောင်းသည့် အကျဉ်းသားများကို အကျဉ်းထောင်ဆရာဝန်၊ ကျန်းမာရေးမှူးများဖြင့် ဆေးဝါးကုသပေးခြင်း၊ လိုအပ်သည့် ဆေးဝါးများကို ဝယ်ယူဖြည့်တင်းပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မိသားစုဝင်များက အကျဉ်းသားများအတွက် ဆေးဝါးများ လာရောက်ပေးအပ်ပါက အကျဉ်းထောင်ဆရာဝန်က စိစစ်လက်ခံ၍ ကြီးကြပ်မှုဖြင့် သောက်သုံးစေလျက်ရှိကြောင်း၊ ကျန်းမာရေးဦးစီးဌာနနှင့် ပူးပေါင်းကာ လစဉ် ကျန်းမာရေး စစ်ဆေးကုသမှုများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရပြီး လိုအပ်ပါက ပြည်သူ့ဆေးရုံကြီးများသို့ အချိန်နှင့်တစ်ပြေးညီ တင်ပို့ပြသကုသပေးလျက်ရှိသည့်အတွက် Khit Thit Media အမည်ခံ Facebook Page က ပြည်သူအများ အထင်အမြင်လွဲမှားစေရန် မဟုတ်မမှန် လုပ်ကြံရေးသားထားခြင်းသာဖြစ်သည်။

လင်းလင်း

**ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportalစာရင်း**

၁။ ကာကွယ်ရေးဝန်ကြီးဌာန https://www.mod.gov.mm
၂။ ဥပဒေရေးရာဝန်ကြီးဌာန https://www.mlis.gov.mm
၃။ ပြန်ကြားရေးဝန်ကြီးဌာန https://www.moi.gov.mm
၄။ Myawady Webportal https://myawady.net.mm
၅။ Myanmar National Portal https://myanmar.gov.mm

# မန္တလေးအခြေစိုက် အိန္ဒိယနိုင်ငံကောင်စစ်ဝန်ချုပ်ရုံးမှ ကြီးမှူး၍ Ramayana Lecture Series ယဉ်ကျေးမှုဆိုင်ရာ ဆွေးနွေးဟောပြောပွဲအခမ်းအနား ကျင်းပ






**မန္တလေး ဖေဖော်ဝါရီ ၂၄**

မန္တလေးမြို့အခြေစိုက် အိန္ဒိယနိုင်ငံကောင်စစ်ဝန်ချုပ်ရုံးမှ ကြီးမှူးကျင်းပသည့် Ramayana Lecture Series ယဉ်ကျေးမှုဆိုင်ရာ ဆွေးနွေးဟောပြောပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၃ နာရီက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး မြို့တော်ခန်းမ၌ ကျင်းပပြုလုပ်သည်။

ဦးစွာ အခမ်းအနားကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E Shri Abhay Thakur, မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီး မန္တလေးမြို့တော်ဝန် ဦးကျော်ဆန်း၊ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေး၊ အိန္ဒိယနိုင်ငံကောင်စစ်ဝန်ချုပ် Shri Sundeep Kaushal နှင့် ညွှန်ကြားရေးမှူး Dr.Ashish Kumar တို့က ဆီမီးထွန်းညှိ၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ကောင်စစ်ဝန်ချုပ် Shri Sundeep Kaushal က ကြိုဆိုနှုတ်ခွန်းဆက်စကားကို လည်းကောင်း၊ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E Shri Abhay Thakur က အခမ်းအနားကျင်းပရခြင်းနှင့်ပတ်သက်၍ အမှာစကားကိုလည်းကောင်း အသီးသီး ပြောကြားကြသည်။

ဆက်လက်၍ Hindi ဘာသာပညာရှင် Shri Cintamani Verma က Core Values and Principles of Ramayana ခေါင်းစဉ်ဖြင့်လည်းကောင်း၊ SDSS Mandalay မှ Shri Ramalal Yadav က Significance of Ramayana across the world with special focus on southeast Asia and Myanmar ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ရတနာပုံတက္ကသိုလ် ရှေးဟောင်းသုတေသနဌာန ပါမောက္ခဌာနမှူး ဒေါက်တာသန်းအေးက Influence of Indian Culture and soft Power Globally ခေါင်းစဉ်ဖြင့် လည်းကောင်း၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး)ဒုတိယ ပါမောက္ခချုပ် ဒေါ်အေးစန္ဒာအောင်က Cultural Connection and Bridges between India and Myanmar ခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးဟောပြောကြသည်။

ယင်းနောက် ညွှန်ကြားရေးမှူး Dr. Ashish Kumar က ဟောပြောဆွေးနွေးမှုများနှင့် ပတ်သက်၍ ဂုဏ်ပြုအမှာစကားကိုလည်းကောင်း၊ ကောင်စစ်ဝန်က ကျေးဇူးတင်စကားကို လည်းကောင်း အသီးသီးပြောကြားကြပြီးနောက် အိန္ဒိယသံအမတ်ကြီး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးများနှင့် ကောင်စစ်ဝန်ချုပ်တို့က ဟောပြောဆွေးနွေးခဲ့ကြသည့် ပညာရှင် လေး ဦး တို့အား ဂုဏ်ပြုမှတ်တမ်းလွှာ တစ်ဦးချင်းချီးမြှင့် ပေးအပ်ကြသည်။ ထို့နောက် အခမ်းအနား တက်ရောက်လာကြသူများနှင့်အတူ အမှတ်တရ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြပြီး အခမ်းအနားကို အောင်မြင်စွာ ပြီးမြောက်ခဲ့သည်။ အဆိုပါ အခမ်းအနားသို့ မန္တလေးမြို့နေ အိန္ဒိယနွယ်ဖွားများ တက်ရောက်ကြကြောင်း သိရသည်။

ဆက်လက်၍ ညပိုင်းတွင် မန္တလေးမြို့အခြေစိုက် အိန္ဒိယနိုင်ငံကောင်စစ်ဝန်ချုပ်ရုံးမှ ME KONG-GANGA FOOD FESTIVAL အခမ်းအနားကို IBIS Styles Mandalay Centre ၌ကျင်းပရာ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ခင်သင်းဝေ၊ တိုင်းဒေသကြီးဝန်ကြီးများ တက်ရောက်ခဲ့ကြပြီး အိန္ဒိယနိုင်ငံသံအမတ်ကြီးနှင့် မန္တလေးမြို့တော်ဝန်တို့က ဂုဏ်ပြုအမှာစကားများ အသီးသီးပြောကြားကာ အိန္ဒိယ ရိုးရာ အစားအသောက်ဟင်းလျာများ ပြသထားသည့် ပြခန်းအား ကြည့်ရှုလေ့လာကြသည်။ ထို့နောက် တက်ရောက်လာကြသူများအား ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံပြီး Bhangre အကအဖွဲ့၊ Azalea အကအဖွဲ့တို့က အိန္ဒိယရိုးရာတေးသီချင်းများဖြင့် သီဆိုဧည့်ခံ ကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကာ သံအမတ်ကြီး၊ မန္တလေးမြို့တော်ဝန်နှင့် ကောင်စစ်ဝန်ချုပ်တို့က ဂုဏ်ပြုမှတ်တမ်းများ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**




## အခြေခံစားသောက်ကုန်များအား သက်သာသောဈေးနှုန်းဖြင့် ရောင်းချ

**မန္တလေး ဖေဖော်ဝါရီ ၂၄**

မန္တလေးတိုင်းဒေသကြီး၊ အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာ ဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် ယနေ့ နံနက်ပိုင်းက မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁) ရပ်ကွက်၊ အကွက်(ခ-၅)၊ ၄၂ လမ်း၊ ၆၇ လမ်းနှင့် ၆၈လမ်းကြားတွင် ရောင်းချပေးသည်။




ထိုသို့ရောင်းချပေးမည့် အစီအစဉ်များမှာ ဖေဖော်ဝါရီ ၂၅ ရက်တွင် ချမ်းမြသာစည်မြို့နယ်၊ သံတောင်ရပ်ကွက်၊ ဇရာထွန်း (၁-ဆ)၊ ဇရာထွန်းလမ်းနှင့် ပျော်ဘွယ်ချောင်လမ်း၊ အောင်သိဒ္ဓိမွေ့ရုံရှေ့တွင်လည်းကောင်း၊ ဖေဖော်ဝါရီ ၂၆ ရက် နံနက်တွင် ပြည်ကြီးတံခွန်မြို့နယ်၊ (ဃ)ရပ်ကွက်၊ ၁၁၇လမ်း၊ ၅၉လမ်းနှင့် လမ်း ၆၀ ကြား၊ ရန်အောင်ဈေးရှေ့တွင် လည်းကောင်း၊ ဖေဖော်ဝါရီ ၂၈ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံးကြီး၊ ၂၆လမ်း နှင့် ၂၇လမ်းကြား၊ ၇၁လမ်းနှင့် ၇၂လမ်းကြားတွင် မွန်းလွဲ ၂ နာရီမှ စတင်ကာ ရောင်းချပေးသွားမည်။ **(ဓါတ်ပုံ)**

ထိုသို့ တိုက်ရိုက်ရောင်းချနေမှု အစီအစဉ်ကို မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၊ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးနှင့်သားသတ်ဌာနမှ ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ် ကြီးကြပ်ပြီး အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးဆောင်ရွက်ပေးလျက်ရှိသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပိုင်ဈေးများနှင့် စားအုန်းဆီအသင်းမှ ဖြန့်ဖြူးရောင်းချပေးသော အဆိုပြုဆီဆိုင်များတွင် စားအုန်းဆီများကို နံနက် ၈ နာရီမှစတင်ကာ နေ့စဉ်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-၆)**

# စူဠာမုနိရုပ်ရှင်တော်မြတ်ဘက်စုံသုံးရန်အတွက် အလှူငွေကျပ် ၁၀ သိန်း လှူဒါန်း

**မန္တလေး ဖေဖော်ဝါရီ ၂၄**

မန္တလေး၊ အောင်မြေသာစံမြို့နယ်ရှိ အတုမရှိကျောင်းတော်ကြီးအတွင်း၌ သီတင်းသုံးတော်မူလျက်ရှိသော စူဠာမုနိရုပ်ရှင်တော်မြတ်ကြီး ဘက်စုံသုံးရန်အတွက် အလှူငွေပေးအပ်လှူဒါန်းခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါကျောင်းတော်ကြီး၌ ကျင်းပသည်။

ရှေးဦးစွာ အလှူရှင် မန္တလေးမြို့နေ ဦးထွန်းထွန်းစိုး+ ဒေါ်တင်တင်(ရတနာမိုး-မန္တလေး ကုမ္ပဏီလီမိတက်) မိသားစုက လှူဒါန်းရခြင်း ရည်ရွယ်ချက်ကို ပြောကြားသည်။

ဆက်လက်၍ အလှူရှင်မိသားစုက အလှူငွေကျပ် ၁၀ သိန်း ပေးအပ်လှူဒါန်းရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် စည်ပင်သာယာရေးဝန်ကြီး မြို့တော်ဝန် ဦးကျော်ဆန်း၊ ဥပဒေချုပ် ဦးမြင့်အောင်၊ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးအောင်အောင်နှင့် အဖွဲ့ဝင်များက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။

(ယာပုံ)

စူဠာမုနိရုပ်ရှင်တော်မြတ်တွင် ဘုရားဖူးလာပြည်သူများနှင့် စည်ကားလျက်ရှိပြီး ယနေ့ နံနက်ပိုင်းတွင်လည်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာနမှ ဝန်ထမ်းများက ဝတ်ရွတ်စဉ်များအတိုင်း ရွတ်ဖတ်ပူဇော်ခဲ့ကြသည်။

အဆိုပါ ရုပ်ရှင်တော်မြတ်ကြီးတွင် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဌာနအလိုက် နေ့စဉ်ဝတ်ရွတ်စဉ်များအတိုင်းရွတ်ဖတ်ပူဇော်လျက်ရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

၀-၀-၀-၀-၀







# မန္တလေးဒေသကောလိပ်ဆဋ္ဌမအကြိမ် All regional အာစရိယပူဇော်ပွဲကျင်းပ၊ ကန်တော့ငွေနှင့်ကန်တော့ပစ္စည်းများ ပေးအပ်

**မန္တလေး ဖေဖော်ဝါရီ ၂၄**

မန္တလေးဒေသကောလိပ် ဆဋ္ဌမအကြိမ် All regional အာစရိယပူဇော်ကို ဖေဖော်ဝါရီ ၂၃ ရက် နံနက် ၉ နာရီက ချမ်းအေးသာစံမြို့နယ်၊ လမ်း ၃၀ရှိ ဖူကျင့်တရုတ်ဗုဒ္ဓဘာသာဘုရားကျောင်းခန်းမတွင် မန္တလေးဒေသကောလိပ်ကျောင်းသား၊ ကျောင်းသူဟောင်းများ ဖောင်ဒေးရှင်းနာယကကြီးများ ဦးဆောင်မှုဖြင့် ကျင်းပသည်။

ဆဋ္ဌမအကြိမ် အာစရိယပူဇော်ပွဲတွင် ဆရာ၊ ဆရာမကြီး ၉၇ ဦး တက်ရောက်ကြပြီး ရပ်ဝေးနေထိုင်သော ဆရာ၊ ဆရာမကြီး ၄၁ ဦးအား အဝေးရောက်ကန်တော့မည်ဖြစ်သည်။ အစီအစဉ်အရ ကျောင်းသား၊ ကျောင်းသူဟောင်းများက ဆရာ၊ ဆရာမကြီးများအား ကန်တော့ချီးဖြင့်ကန်တော့ကြပြီး ပညာသင်နှစ်အလိုက်အတန်း ကိုယ်စားလှယ်များက ဆရာ၊ ဆရာမကြီးတစ်ဦးလျှင် ငွေကျပ် ၅၈၀၀၀၀ နှုန်းဂါရဝပြုကန်တော့ကြသည်။ ကန်တော့ခံသိပ္ပံဘာသာရပ် ဆရာဆရာမကြီးများကိုယ်စား ဆရာကြီး ဦးအောင်မောင်း(ဇီဝဌာနမှူး-ငြိမ်း)ကလည်းကောင်း၊ ဝိဇ္ဇာဘာသာရပ်များကိုယ်စား ဆရာကြီး ဦးခင်မောင်ဆွေ(Psychology) ကလည်းကောင်း ဆုပေးစကားများ ချီးမြှင့်ကြသည်။

ထို့နောက် ဒေသကောလိပ်ပညာသင်နှစ်အလိုက်အတန်းကိုယ်စားလှယ်များ အလှူငွေကောက်ခံရရှိမှုများကို တင်ပြပြီး ဆဋ္ဌမအကြိမ် မန္တလေးဒေသကောလိပ်အာစရိပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌက ကျေးဇူးတင်စကားပြောကြားပြီး ကန်တော့ခံဆရာ၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများအား နေ့လယ်စာဖြင့် ကျွေးမွေးပြီး ကျောင်းသား၊ ကျောင်းသူဟောင်းများက အဆိုအကများဖြင့် ဖျော်ဖြေခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)(၀၄၅)**

# တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုခွင့်ကတ်ပြား ထုတ်ယူခြင်းနှင့်ပတ်သက်သော သတင်းကြေညာချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
မြန်မာနိုင်ငံစာစစ်ဦးစီးဌာန

တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုခွင့်ကတ်ပြား ထုတ်ယူခြင်းနှင့်ပတ်သက်သော သတင်းကြေညာချက်

၁။ ၂၀၂၅ ခုနှစ်၊ မတ်လ ၁၇ ရက်နေ့မှ ၂၂ ရက်နေ့အထိ ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲကို ဖြေဆိုခွင့် လျှောက်ထားကြသော ကျောင်းသား/သူများ သိရှိရန် အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

(က) တိုင်းဒေသကြီး/ပြည်နယ်များရှိ စာစစ်ဌာနအသီးသီးတွင် ဖြေဆိုကြမည့် ကျောင်းသား/သူများသည် မိမိတို့၏ ဓာတ်ပုံကပ်ထားသည့် ခုံအမှတ်စဉ်ပါသော စာမေးပွဲ ဖြေဆိုခွင့် ကတ်ပြား (Identity Card) များကို ၂၀၂၅-ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက် ကြာသပတေးနေ့မှစ၍ ထုတ်ယူကြရပါမည်။

(ခ) အခြေခံပညာအထက်တန်းကျောင်း၊ (ကျောင်းခွဲ) နှင့် (တွဲဖက်) အခြေခံပညာအထက်တန်းကျောင်း၊ ကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းသား/ကျောင်းသူများသည် မိမိတို့၏ စာမေးပွဲဖြေဆိုခွင့်ကတ်ပြား (Identity Card)များကို မိမိတို့ကျောင်းအုပ်ကြီးများထံမှ ထုတ်ယူကြရပါမည်။

(ဂ) ပြင်ပမှဖြေဆိုသူများသည် စာမေးပွဲဖြေဆိုခွင့်ကတ်ပြား (Identity Card)များကို မိမိတို့ဖြေဆိုရမည့်စာစစ်ဌာန ကြီးကြပ်ရေးမှူးများထံမှ ထုတ်ယူကြရပါမည်။

၂။ ကျောင်းသား/ကျောင်းသူများအနေဖြင့် စာမေးပွဲဖြေဆိုခွင့်ကတ်ပြား (Identity Card)များ ထုတ်ယူရာတွင် အခက်အခဲရှိပါက သက်ဆိုင်ရာကျောင်းအုပ်ကြီးများ၊ စာစစ်ဌာနကြီးကြပ်ရေးမှူးများ၊ မြို့နယ်ပညာရေးမှူးများနှင့် မြန်မာနိုင်ငံစာစစ်ဦးစီးဌာနထံ တိုက်ရိုက်စုံစမ်းမေးမြန်းနိုင်ပါသည်။

မြန်မာနိုင်ငံစာစစ်ဦးစီးဌာန

ရက်စွဲ။ ၂၀၂၅-ခုနှစ်၊ ဖေဖော်ဝါရီလ( ၂၅ )ရက်။

# မြန်မာနိုင်ငံမီးသတ်ဝန်ထမ်းဟောင်းများအသင်းမှ အသက်(၇၅)နှစ်အထက် မီးသတ်ဝန်ထမ်းဟောင်းများအား ထောက်ပံ့

**မန္တလေး ဖေဖော်ဝါရီ ၂၄**

မြန်မာနိုင်ငံမီးသတ်ဝန်ထမ်းဟောင်းများအနေဖြင့် မီးသတ်တပ်ဖွဲ့ဝင်များနှင့်အစဉ် လက်တွဲပူးပေါင်းဆောင်ရွက်မှုဖြင့် ဝန်ထမ်းဟောင်းများ၏ မိသားစုများအား ကူညီထောက်ပံ့နိုင်ခြင်း၊ ကျန်းမာရေးကူညီမှုနှင့်စိတ်ပိုင်းဆိုင်ရာပံ့ပိုးမှုများပြုလုပ်နိုင်ခြင်း၊ မီးသတ်ဝန်ထမ်းအဖြစ် ဆောင်ရွက်ခဲ့သော အတွေ့အကြုံများနှင့်စံပြလုပ်ငန်းများကို ပြန်လည်မျှဝေခြင်းဖြင့် အတွေ့အကြုံနှင့်ကျွမ်းကျင်မှုများကို တက်ကြွစွာ အသုံးချနိုင်ခြင်း၊ မီးဘေးလုံခြုံရေးဆိုင်ရာလုပ်ငန်းတို့တွင် အကြံဉာဏ်ကောင်းများ ပေးနိုင်ခြင်း၊ မီးဘေးလုံခြုံရေးဆိုင်ရာ အသိပညာပေးဆောင်းပါးများရေး၍ မီးသတ်တပ်ဖွဲ့အား အကျိုးပြုနိုင်ခြင်း ရည်ရွယ်ချက်တို့ဖြင့် ၁၉၈၈ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက်တွင် မြန်မာနိုင်ငံမီးသတ်ဝန်ထမ်းဟောင်းများအသင်းကို ဖွဲ့စည်းခဲ့ရာ ၂၀၂၅ခုနှစ် ဖေဖော်ဝါရီလတွင် (၃၇)နှစ်ပြည့်မြောက်ခဲ့သည်။

မီးသတ်ဝန်ထမ်းဟောင်းများအသင်း(၃၇)နှစ်မြောက် သက်ကြီးပူဇော်ပွဲဂါရဝပြုငွေနှင့် ကျန်းမာရေးထောက်ပံ့ငွေများ ပေးအပ်လျက်ရှိရာ အခမ်းအနားမတက်ရောက်နိုင်သူများအား အသင်းကိုယ်စား မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူးညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်းနှင့်မန္တလေးခရိုင်မီးသတ်ဦးစီးမှူးလက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ကိုကိုတို့က ဖေဖော်ဝါရီ ၁၈ ရက်က မန္တလေးမြို့ရှိ အသက်(၇၅)နှစ်အထက် မြန်မာနိုင်ငံမီးသတ်ဝန်ထမ်းဟောင်းများအား ဂါရဝပြုငွေများ အိမ်တိုင်ရာရောက်ပေးအပ်ခဲ့ကြသည်။ (ဝဲပုံ)

**မောင်ပြည်သူ**



# တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် ကျောင်းများတွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ကွင်းဆင်းစစ်ဆေး

**သရက် ဖေဖော်ဝါရီ ၂၄**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့ရှိ တက္ကသိုလ်ဝင် စာမေးပွဲဖြေဆိုမည့် ကျောင်းများတွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ကွင်းဆင်းစစ်ဆေးခြင်းကို ဖေဖော်ဝါရီ ၂၀ ရက် နံနက်ပိုင်းက ဆောင်ရွက်ခဲ့သည်။

အဆိုပါ ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးဝေဖြိုးအောင်၏ ကြီးကြပ်မှုဖြင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဒုတိယဦးစီးမှူး ဦးမင်းကျော်ဟိန်းနှင့် အဖွဲ့ဝင်များက သရက်မြို့ရှိ အခြေခံပညာကျောင်းများတွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် မီးဘေးလုံခြုံမှုရှိစေရေး စစ်ဆေးခဲ့ကြပြီး မီးသတ်ဆေးဘူးအသုံးပြုနည်းတို့ကို လက်တွေ့ပြသပေးခြင်း၊ အသိပညာပေးခြင်း၊ အကြံပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဇော်ဝမ်းထွန်း(အောင်လံ)**



## စစ်ကိုင်းပညာရေးတက္ကသိုလ်ပညာရေးဘွဲ့ (B.Ed) (စာပေးစာယူ) ဘွဲ့အပ်နှင်း

**စစ်ကိုင်း ဖေဖော်ဝါရီ ၂၄**

စစ်ကိုင်းပညာရေးတက္ကသိုလ် ပညာရေးဘွဲ့ (B.Ed) (စာပေးစာယူ) (EDC) အပတ်စဉ် (၃/၂၀၂၃)ဘွဲ့ရရှိသူများအား ဖေဖော်ဝါရီ ၂၂ ရက် နံနက် ၉ နာရီက ကျောင်းရှိ ဘွဲ့နှင်းသဘင်ခန်းမတွင် ဘွဲ့အပ်နှင်းခဲ့သည်။

ဘွဲ့နှင်းသဘင်အခမ်းအနားတွင် စစ်ကိုင်းပညာရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ မြတ်မြတ်သော်က ပညာရေးဘွဲ့(B.Ed) (စာပေးစာယူ)(EDC) အပတ်စဉ် (၃/၂၀၂၃) ဘွဲ့ရရှိကြသည့် မိတ္ထီလာမြို့နှင့် ပခုက္ကူမြို့ ပညာရေးဒီဂရီကောလိပ်များမှ ဘွဲ့ရရှိသူများအား ဘွဲ့များပေးအပ်ချီးမြှင့်သည်။

စစ်ကိုင်းပညာရေးတက္ကသိုလ်တွင် (၂၅)ကြိမ်မြောက် ဘွဲ့နှင်းသဘင်ကို ဇန်နဝါရီ ၂၃ ရက်မှ ဖေဖော်ဝါရီ ၂၃ ရက်အထိ ကျင်းပခဲ့ပြီး ပါရဂူဘွဲ့ ၂၀ ဦး၊ မဟာပညာရေးဘွဲ့ ၁၅၀၃ ဦး၊ မဟာဒဿနဘွဲ့ ၁၃၀ ဦး၊ ပညာရေးဘွဲ့ ၉၅၁၇ ဦး၊ ပညာရေးဘွဲ့ (စာပေးစာယူ) ၂၀၁၉၃ ဦး၊ ပညာရေးဘွဲ့ (EDC)(စာပေးစာယူ) ၁၂၃၁၀ ဦး၊ PGDT ၂၇၄၂ ဦး၊ PGDMA ၂၉၅၁ ဦး၊ စုစုပေါင်း ၄၉၃၆၇ ဦးအား ဘွဲ့များအသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ) (၃၉၄)



## ဒေသခံပြည်သူများအား စားအုန်းဆီဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေး

**မြစ်သား ဖေဖော်ဝါရီ ၂၄**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်တွင် မြန်မာနိုင်ငံ ဆီကုန်သည် ဆီလုပ်ငန်းရှင်များအသင်းနှင့် ခရိုင်စားသုံးသူရေးရာဦးစီးဌာနတို့ ပူးပေါင်း၍ ဒေသခံပြည်သူများအား စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၈၂၂၀ နှုန်းဖြင့် ဈေးနှုန်းချိုသာစွာ ရောင်းချပေးခြင်းကို ရှမ်းပွဲရပ်ကွက်အတွင်းရှိ ဒေါ်ဇာဇာ ကုန်စုံဆိုင်ရှေ့တွင် ယမန်နေ့က ရောင်းချပေးသည်။

ထိုသို့ ရောင်းချပေးရာတွင် ကျောက်ဆည်ခရိုင် ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းမှ မြစ်သားမြို့၊ ရှမ်းပွဲရပ်ကွက်ရှိ ဒေါ်ဇာဇာ ကုန်စုံဆိုင်ရှေ့တွင် ဒေသခံပြည်သူများအား တစ်ဦးလျှင် ဆီတစ်ပိဿာ ငွေကျပ် ၈၂၂၀ နှုန်းဖြင့် တစ်ရက် ဆီပိဿာပေါင်း ၂၈၈ ပိဿာအား ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးနေကြောင်း စားသုံးသူရေးရာဦးစီးဌာနတာဝန်ရှိသူ တစ်ဦးထံမှ သိရသည်။

(အပေါ်ပုံ)

ဝါဝါမြင့်(မြစ်သား)

## မီးဘေးအသိပညာပေးခြင်းနှင့် လက်တွေ့မီးငြိမ်းသတ်နည်း သရုပ်ပြသခြင်းများ ဆောင်ရွက်

**ကျောက်ပန်းတောင်း ဖေဖော်ဝါရီ ၂၄**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ် မီးသတ်ဦးစီးဌာနနှင့် မြို့နယ်စားသုံးသူရေးရာဦးစီးဌာနတို့ ပူးပေါင်း၍ မြို့ပေါ်ရှိ အိမ်တွင်းမှုလုပ်ငန်း လုပ်ကိုင်ကြသည့် လုပ်ငန်းရှင်များအား ဖိတ်ကြား၍ မီးဘေးလုံခြုံရေး အသိပညာပေးခြင်းနှင့် လက်တွေ့မီးငြိမ်းသတ်နည်း သရုပ်ပြသခြင်းများကို ဖေဖော်ဝါရီ ၂၂ ရက် နံနက် ၁၀ နာရီက မြို့နယ်စားသုံးသူရေးရာဦးစီးဌာန ရုံးတွင် ပြုလုပ်သည်။

မီးဘေးလုံခြုံရေး အသိပညာပေးဆွေးနွေးရာတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးသန်းမြင့်က မီးလောင်မှု ဖြစ်ပွားတတ်သည့် အခြေခံအကြောင်းတရားများနှင့် ဖြစ်ပွားနိုင်သည့် အခြေအနေများ၊ မီးလောင်မှုဖြစ်ပွားပါက အခြားသူကို အသိမပေးဘဲ မိမိတို့မိသားစုအတွင်းကြိတ်၍ မီးငြိမ်းသတ်ခြင်းကို ရှောင်ရှားကြရန်နှင့် နီးစပ်ရာ မီးသတ်စခန်းသို့ အမြန်ဆုံး ဆက်သွယ်အကြောင်းကြားကြရန်တို့ကို ဆွေးနွေးဟောပြောသည်။

ထို့နောက် အဆိုပါရုံးရှေ့ မြေကွက်လပ်တွင် ဆီမီးလောင်မှု မီးငြိမ်းသတ်နည်း၊ မီးသတ်ဆေးဘူး အသုံးပြုမီးငြိမ်းသတ်နည်းများ



ကို မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက လက်တွေ့ရှင်းလင်းပြသကြရာ စားသုံးသူရေးရာဦးစီးဌာန မြို့နယ်တာဝန်ခံ ဒေါ်မြသန္တာထွန်းနှင့် ဝန်ထမ်းများ၊ အိမ်တွင်းမှု စားသောက်ကုန်လုပ်ငန်းရှင်များက ဝိုင်းဝန်းကူညီ၍ မီးသတ်ဆေးဘူး အသုံးပြုမီးငြိမ်းသတ်ခြင်းများကို လက်တွေ့ပါဝင်ဆောင်ရွက်ခဲ့ကြပြီး အဆိုပါ မီးဘေးလုံခြုံရေး အသိပညာပေးဆွေးနွေးပွဲသို့ စားသုံးသူရေးရာဦးစီးဌာန မြို့နယ်တာဝန်ခံနှင့် ဝန်ထမ်းများ၊ စားသောက်ကုန်လုပ်ငန်းရှင်များ၊ စုစုပေါင်း ၇၂ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ) (၄၅၆)

## မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေး သရုပ်ပြလေ့ကျင့်မှုများ ပြုလုပ်

**ကျောက်ဆည် ဖေဖော်ဝါရီ ၂၄**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်၊ အေးမြကြည်လင်ဈေးတွင် ယမန်နေ့ မွန်းလွဲ ၃ နာရီက ကျောက်ဆည်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဦးဆောင်မှုဖြင့် မြို့နယ်မီးသတ်ဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်း၍ မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေး သရုပ်ပြလေ့ကျင့်မှုများ ပြုလုပ်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးမှူး ဦးသန့်ဇင်ဦး ဦးဆောင်၍ သန္ဓေတပ်ဖွဲ့ဝင် ၂၆ ဦး၊ အရန်တပ်ဖွဲ့ဝင် ၁၅ ဦးတို့က ဈေးကြီးအတွင်း မီးလောင်နေမှုအား လက်တွေ့ မီးငြိမ်းသတ်ခြင်း၊ အဆောက်အအုံအတွင်း ပိတ်မိနေသူ လူနာများအား Hydraulic rescue tool များအား အသုံးပြု၍ ရှာဖွေကယ်ဆယ်ခြင်း၊ Road traffic accident ဖြစ်ပွားမှုအား မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးဆောင်ရွက်ခြင်း စသည်တို့အား လက်တွေ့သရုပ်ပြ ဆောင်ရွက်ခဲ့သည်။

အဆိုပါ မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးသရုပ်ပြပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇော်လင်းထွန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဈေးသူ၊ ဈေးသားများ၊ စုစုပေါင်း ၁၀၀ ဦးခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

(၄၈၅)



## သန့်ရှင်းသာယာလှပရေး စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**ရေနံချောင်း ဖေဖော်ဝါရီ ၂၄**

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ရေနံချောင်းမြို့နယ်၌ မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပစေရေး စုပေါင်းသန့်ရှင်းရေးကို ယမန်နေ့ နံနက် ၇ နာရီက မြို့နယ်အထွေထွေ ရွေးကောက်ပွဲ ကော်မရှင်ရုံးအနီး လမ်းဘေးဝဲယာတစ်လျှောက်တွင် စုပေါင်းဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ရေနံချောင်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဇင်ဦးနှင့် အဖွဲ့ဝင်များက ဦးဆောင်ကာ လမ်းဘေးဝဲယာတစ်လျှောက်ရှိ သစ်ပင်ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ ပေါင်းမြက်များနှင့် အမှိုက်သရိုက်များ ရှင်းလင်းခြင်းများကို ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်းဆောင်ရွက်ခဲ့သည်။

ထို့နောက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှိုက်သိမ်းမော်တော်ယာဉ်ဖြင့် စနစ်တကျ သိမ်းဆည်းစွန့်ပစ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ (အပေါ်ပုံ) (၄၇၂)

## ပေါ်ဦးပေါ်ဖျား သရက်ကင်းသီးများ ဈေးကောင်းရ

မန္တလေးမြို့ပေါ် ဈေးများအတွင်းရှိ ရာသီပေါ်သီးနှံတစ်မျိုးဖြစ်သည့် သရက်ကင်းသီးများအား အခြားကုန်စိမ်းများနှင့်အတူ တစ်နိုင်တစ်ပိုင် မှာယူရောင်းချပေးရာတွင် ဈေးကောင်းရရှိလျက်ရှိသည်။

ရာသီစာ သရက်ကင်းသီး ကြက်ဥအရွယ် တစ်လုံးလျှင် လက်ကားဈေးအနေဖြင့် ငွေကျပ် ၃၀၀-၅၀၀၊ လက်လီဈေးအနေဖြင့် တစ်လုံးလျှင် ငွေကျပ် ၆၀၀-၇၀၀ ဖြင့် ရောင်းချလျက်ရှိကြောင်း၊ သုံးနှစ်မျိုး သရက်ကင်းများကို နို့ဆီတစ်ဘူးလျှင် ငွေကျပ် ၁၀၀၀ ခန့်ဖြင့် အရောင်းသွက်နေကြသည်။

ယခုနှစ် သရက်ပန်းပွင့်အား ကောင်းသလို ရာသီဥတုမှန်သဖြင့် အသီးတင်အားလည်း ကောင်းကြောင်း၊ သရက်သီးအကင်းများကို ဈေးကွက်လိုသလောက်သာ ဆွတ်ခူးရောင်းချလေ့ရှိပြီး မတ်လဆန်းပိုင်းတွင် အသီးရင့်အောင် ထားလေ့ရှိသည်။

အချဉ်ဓာတ်ကဲသည့်သရက်သီးကင်းစားသုံးခြင်းဖြင့် အသားအရေလှပစေခြင်း၊ အဆီကျခြင်း၊ ကင်ဆာဖြစ်ခြင်းမှ ကာကွယ်ပေးခြင်း၊ သရက်သီးကင်းများအား အသား၊ ငါးများနှင့် တွဲဖက်စားသုံးပါက အသားဓာတ်များလည်း တိုးပွားနိုင်ကြောင်း သိရသည်။

(ယာပုံ)


ရွှေမန်း



# စာအုပ်စင်ကဏ္ဍ

## ဖော်ညွှန်းသီ

စာအုပ်အမည် - စံဌာနေလှ မန္တလာမြေမှ ခေတ်သစ်ဦးကျည်ပွေ့၏ ကဗျာများ
စာရေးသူ - ဆန်း(မန္တလေး)
ထုတ်ဝေသည့်စာပေတိုက် - သစ္စာရောင်ခြည်စာပေ (ရန်ကုန်)
တန်ဖိုး - ၅၀၀၀ ကျပ်
မျက်နှာဖုံးဓာတ်ပုံ - အောင်မင်ဦး(မန္တလေး)




စာပေတင်းကုပ်မှ ဆရာအောင်တင်ဝင်း(ငါ့သရောက်)၏ အမှာစာနှင့်အတူ စာရေးသူ၏ ကျေးဇူးတင်ရင်တွင်းစကားတို့ဖြင့် ဟိုက္ကူ ကဗျာ ၁၄ ပုဒ်၊ ကဗျာအပုဒ် ၃၀၊ ကဗျာရှည် ၁ ပုဒ်တို့ကို စုစည်းထားသည်။ ကဗျာချစ်မြတ်နိုးသူများ မန္တလေးစာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူအားပေးဖတ်ရှုနိုင်သည်။

---

စာအုပ်အမည် - မေတ္တာလွှမ်းခြုံနှင့် သုတရသစာစုများ
စာရေးသူ - မန်းမြေမှ ပန်းသပြေ
ထုတ်ဝေသည့်စာပေတိုက် - မာတာပီတုစာပေ (ပုသိမ်ကြီးမြို့)
တန်ဖိုး - ၅၀၀၀ ကျပ်
မျက်နှာဖုံးဒီဇိုင်း - ရဲထက် (STAR)

ဆရာနိုင်ဗလ၏ ဂုဏ်ပြုအမှာစာ၊ ဆရာနိုင်စေရ(မန်းတက္ကသိုလ်) ၏ စာဂုဏ်ထွန်းအညွှန်းလွှာတို့နှင့်အတူ စာရေးသူ မန်းမြေမှပန်းသပြေ၏ ဝမ်းသာကြည်နူးကျေးဇူးတင်လွှာ၊ ဆောင်းပါး ၂၁ ပုဒ်ဖြစ်သော မေတ္တာတေးဖြင့် အသံလေးတော့ ပြုလုပ်ချင်ပေ၊ ရင်တွင်းရန်သူ ဗလောင်ဆူလျှင်၊ မေတ္တာလွှမ်းခြုံ အဘွားဒေါ်ဟောတု၏ ဟောတုပစ္စယော၊ အေးရိပ်ပမာ မိခင်မေတ္တာ၊ နှိုင်းတုမရပါ ဖခင်မေတ္တာ၊ ရွှေမေတ္တာပို့ကြ ထာဝစဉ်၊ ချို့တဲ့သူများ ငဲ့ညှာသနားသင်ကြား ကျောင်းတွေများပါစေ၊ မေတ္တာနှင့်ယှဉ်၍သာ ဆက်ဆံပါ၊ ခုခါ သမယ ပရဟိတ လိုအပ်စွ၊ ဝါမဝင်ခင်မှာ မင်္ဂလာဆောင်ကြစေဖို့ရာ၊ နှလုံးသားမှာပင် ဆေးဖော်ကြစေချင်၊ မြင့်မြတ်သူ၊ ဝင့်ကြွေးကြမ္မာမလွတ်သာ၍၊ တကယ့်သူဌေးဆိုတာ၊ မိတ်ကောင်း ဆွေကောင်း ဆရာကောင်း၊ ကျေနပ်၍မဆုံး ပီတိအပြုံး၊ မြတ်သရဏဂုံ ကိုယ်၌ထုံသော်၊ ဂရုမွေမြတ်သီလ၊ ကံဆေးခြင်းမင်္ဂလာ၊ လူတိုင်းကျင့်ပွားသတိပဋ္ဌာန်းတရား စာစုတို့ ဖြစ်သည်။

သုတရသစာစုများဖြစ်၍ စာပေဝါသနာပါသူများ သဘောကျမည့် စာအုပ်ဖြစ်ရာ မန္တလေးစာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူအားပေး ဖတ်ရှုနိုင်သည်။



---

စာအုပ်အမည် - ချစ်ရသည့်ဝန် ပြောမိသည့်ဝန်တာ
စာရေးသူ - မောင်စိုးသစ်(မန္တလေး)
မောင်ကြည်သာ(တောင်တွင်း)
မင်းတပ်ဦးအောင်ခင်
ထုတ်ဝေသည့်စာပေတိုက် - TK စာပေ (မန္တလေးမြို့)
တန်ဖိုး - ၆၀၀၀ ကျပ်
မျက်နှာဖုံးဒီဇိုင်း - ခလယ်



ဆရာမောင်စိုးသစ်(မန္တလေး)၏ စာဖတ်သူသို့ ရင်ဖွင့်စာနှင့်အတူ အချစ်တစ်ခု၏ ဝတ်ရည်စစ်တမ်း၊ ရင်ညို့လို့အလွမ်းတွေစို့ရင် ပြိုလာပြီမိုးရဲ့၊ ကြာသပတေးနေ့နဲ့တွေနဲ့ ကြာကြာဝေးနေကြတဲ့မြို့၊ မြစ်တစ်စင်း၏ မြားဦးအလှည့်နှင့် ရွေချထားသောဒဏ်ရာများ၊ ခွာညိုမပွင့်သည့် မြခွာညို၊ လွမ်းတတ်ရင် လှည့်မကြည့်နဲ့ စာစုများဖြစ်သည်။

ဆရာမောင်ကြည်သာ (တောင်တွင်း)၏အမှာ မခင်နှင်းဝေဝေနှင့် ဓားရာပေးထားတဲ့ အချစ်၊ ဒဏ်ရာရအချိန်ပိုမှာ ဝင်လာတဲ့ ရထားနှစ်စင်း၊ တံလျှပ်များ၊ ဖုန်း၊ ရထားနှစ်စင်း၊ မရှိခြင်း စာစုများ ဖြစ်သည်။

ဆရာမင်းတပ်ဦးအောင်ခင်၏ အမှာနှင့်အတူ မြန်မာ့ဓလေ့လက်ဖက်ရည်ကြမ်း၊ စိတ်မှတ်စုအတွေတွေ၊ ကျွန်တော်ကြည့်လို့မရခဲ့တဲ့ ကျော်ဟိန်း၊ ဦးဆောင်းရဲ့ လက်ပံပွင့်ကောက်လွှမ်းချင်းကဗျာမှတစ်ဆင့်၊ စိုက်ပျိုးသမျှသစ်ပင်များ ရှင်သန်ကြီးထွားရေး၊ ကိုးမလာအိမ်စာစုများဖြစ်သည်။

ရသစာပေမြတ်နိုးသူများ သဘောကျနှစ်ခြိုက်မည့်စာအုပ်ဖြစ်ရာ မန္တလေးစာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူအားပေး ဖတ်ရှုနိုင်သည်။

ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

## ကမ္ဘာကြီးရဲ့ အနုပညာ

* နေမင်းကြီးရေ
မင်းက နေ့ရှုခင်းကို
လှပစွာ လောကထဲမှာထည့်
ကျကျနန တည်ခင်းညှော့ခံသလို - - - -
လမင်းကြီးကလည်း
ညရဲ့ရှုခင်းကို
လှပစွာ လောကထဲမှာထည့်
ကျကျနန တည်ခင်းညှော့ခံခဲ့တယ် ။

* ငှက်ဆိုတဲ့ သတ္တဝါ
မင်းက ကောင်းကင်အောက်က
တိမ်တောင် တိမ်လိပ်တွေအောက်
ပန်းချီကားတစ်ချပ်သဖွယ်
စိတ်ရှိလက်ရှိ ပျံသန်းနိုင်သလို - - - -
ငါးဆိုတဲ့ သတ္တဝါကလည်း
ကျောက်ဆောင် ကျောက်ခက်တွေကြား
ပန်းချီကား တစ်ချပ်သဖွယ်
စိတ်ရှိလက်ရှိ ကူးခတ်နိုင်ခဲ့တယ် ။

* အဲသည်လို
ကျွမ်းကျင်ရာလိမ္မာ
ကွဲကွဲပြားပြား အတတ်ပညာတွေကြောင့်
ကမ္ဘာကြီးဟာ - - - -
အနုပညာဆန်စွာ လှပနေတော့တယ် ။ ။

လူပြာထက်

## ပြည်သူ့စာကြည့်တိုက်ရုံးရှေ့တွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးနံရံကပ်စာစောင် ပြသ

**အောင်လံ ဖေဖော်ဝါရီ ၂၄**

မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့၌ လူငယ်များ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဒေသခံပြည်သူများ လူကုန်ကူးမှု တားဆီးကာကွယ်ရေးနှင့် ပတ်သက်၍ ဗဟုသုတရရှိစေရန် ရည်ရွယ်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်ရုံးရှေ့တွင် လူကုန်ကူးမှု တားဆီးကာကွယ်ရေး နံရံကပ်စာစောင်နှင့် ဗဟုသုတကြွယ်ဝဖို့ စာကြည့်တိုက်ကိုသွားကြစို့ စသည့် နံရံကပ်စာစောင်များကို ပြသဆောင်ရွက်ထားသည်။

အဆိုပါ အသိပညာပေး နံရံကပ်စာစောင်တွင် လူကုန်ကူးမှု တစ်စစကြီးထွားလာခြင်း၊ လုပ်အားခေါင်းပုံဖြတ်ခြင်း၊ လိင်ခေါင်းပုံဖြတ်ခြင်း၊ လူကုန်ကူးမှု၏အစိတ်အပိုင်း၃ ရပ်၊ လူကုန်ကူးခံရနိုင်သူများ၊ လူကုန်ကူးမှုများစတင်ပေါ်ပေါက်လာပုံ၊ မြန်မာနိုင်ငံ၏ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ နည်းဗျူဟာ ၄ ချက်၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဥပဒေပြဋ္ဌာန်းခြင်း၊ ဆွဲဆောင်သောအကြောင်းအရာများကို ပြသဆောင်ရွက်ပေးခဲ့ရာ ကျောင်းသား၊ ကျောင်းသူ၊ လူငယ်၊ လူရွယ်များက စိတ်ပါဝင်စားစွာ လာရောက်ဖတ်ရှုခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

အာကာ(ပြန်/ဆက်)



ဗလငါးတန်ဖွံ့ဖြိုးဖို့
စာအုပ် စာပေ
လေ့လာစို့ ။



## သတင်းပဒေသာ

### လူငယ်အသိပညာပေးဟောပြောပွဲ ကျင်းပ

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းရှူးခရိုင်၊ မိုင်းစံမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့်ပညာရေးဌာနတို့ ပူးပေါင်း၍ အနာဂတ်မျိုးဆက်သစ်လူငယ် ကျောင်းသား၊ ကျောင်းသူများ ယဉ်ကျေးလိမ္မာသည့် လူငယ်လူရွယ်များဖြစ်လာစေရန်နှင့် အသိပညာဗဟုသုတရရှိစေရန် ရည်ရွယ်၍ လူငယ်အသိပညာပေးဟောပြောပွဲကို ယမန်နေ့ မွန်းလွဲ ၁ နာရီက မိုင်းစံမြို့အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပရာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့ဦးစီးမှူး ဒေါ်ဥမ္မာထွေးက လူငယ်အသိပညာပေးဟောပြောပွဲ ပြုလုပ်ရခြင်း ရည်ရွယ်ချက်များပြောကြားသည်။ လူငယ်နှင့် စာဖတ်ခြင်းခေါင်းစဉ်အောက်မှ ယနေ့လူငယ်များသည် လေ့လာ၍မကုန်နိုင်သော ဘဝတက္ကသိုလ်ကြီးများဖြစ်သည့် စာကြည့်တိုက်များသို့သွားရောက်၍ စာဖတ်ကြခြင်းဖြင့် စာဖတ်ခြင်း၏အကျိုးကို သိရှိလာကြမည်ဖြစ်ကြောင်း၊ စာဖတ်ခြင်းသည် ဘဝအောင်မြင်ရေး၏ သော့ချက်ဖြစ်ကြောင်း၊ စာဖတ်သူနှင့် စာမဖတ်သူသည် အသွင်အားဖြင့်တူသော်လည်း တန်ဖိုးခြင်းအားဖြင့် ခြားနားသွားကြောင်း စသည့်အကြောင်းအရာများကို ဥပမာ၊ သာဓကများဖြင့် ဟောပြောခဲ့ပြီး ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းရာ မြို့ဦးစီးမှူးက ပြန်လည်ဖြေကြားပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### ကလေးငယ်များအား Vitamin-A တိုက်ကျွေး

စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးမြို့တွင် အသက်(၅)နှစ်အောက် ကလေးငယ်များအား Vitamin-A တိုက်ကျွေးခြင်းကို ယမန်နေ့ နံနက် ၉ နာရီမှစ၍ မိခင်ကလေးကျန်းမာရေးဌာနတွင် ဆောင်ရွက်ပေးလျက်ရှိသည်။

ခန္တီးမြို့ပေါ်ရပ်ကွက်၊ ကျေးရွာများမှအသက်(၅)နှစ်အောက် ကလေးငယ်များအား အာဟာရချို့တဲ့မှုမရှိစေရေးအတွက် ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့် ပေါင်ချိန်ခြင်း၊ လက်မောင်းလုံးပတ်တိုင်းတာခြင်းနှင့် မျက်စိအားကောင်းမွန်စေရန် Vitamin-A တိုက်ကျွေးခြင်းများကို မိခင်ကလေးကျန်းမာရေးဌာနမှ ဝန်ထမ်းများက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### ယာယီနေရပ်စွန့်ခွာနေရသည့် ပြည်သူများအတွက်ထောက်ပံ့ငွေ ပေးအပ်

ဓနုဖြူသီရိမြို့နယ်အတွင်း ဒေသအသီးသီးမှ အကြမ်းဖက်ဖြစ်စဉ်များကြောင့် ယာယီနေရပ်စွန့်ခွာနေရသည့် ပြည်သူများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုရန်ပုံငွေမှ ထောက်ပံ့ငွေပေးအပ်ပွဲကို ယမန်နေ့ နံနက်ပိုင်းက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာဓနုဖြူသီရိမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဗိုလ်မှူး ခိုင်မင်းထွန်းနှင့် တာဝန်ရှိသူများက ဓနုဖြူသီရိမြို့နယ်တွင်း ဒေသအသီးသီးမှ အကြမ်းဖက်ဖြစ်စဉ်များကြောင့် ယာယီနေရပ်စွန့်ခွာနေရသည့် ပြည်သူများအတွက် တစ်ဦးလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် စုစုပေါင်း ၇၁၃ ဦးအတွက် ငွေကျပ် ၁၄၂၆၀၀၀၀ ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### မူလတန်းကြိုကျောင်း ကျောင်းဆင်းပွဲနှင့် ဂုဏ်ပြုလွှာပေးအပ်ပွဲ ကျင်းပ

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ မိုင်းပျဉ်းမြို့ နားဇရက် မူလတန်းကြိုကျောင်း၏ ကျောင်းဆင်းပွဲနှင့် ဂုဏ်ပြုလွှာပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၉နာရီက အဆိုပါကျောင်း၌ ကျင်းပသည်။

နားဇရက်မူကြိုကျောင်း ကျောင်းအုပ်စစ္စတာရ်ကြီး ရှိ(စ့်)မေရီခင်ပန်းနှင့် အမျိုးသမီးရေးရာအဖွဲ့အတွင်းရေးမှူး ဒေါ်နန်းဝိုးစိန်တို့က အမှာစကားများ အသီးသီးပြောကြားခဲ့ကြသည်။ ဆက်လက်၍ မူကြိုကျောင်းဆင်းကလေးငယ်များအား တာဝန်ရှိသူများက ကျောင်းပြီးဆုံးကြောင်း ဂုဏ်ပြုလွှာများပေးအပ်ကာ တက်ရောက်လာကြသော ဧည့်သည်တော်များနှင့် ကျောင်းကော်မတီအဖွဲ့ဝင်များစုပေါင်း၍ အမှတ်တရ မှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ကူးခဲ့ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ဗုဒ္ဓဘာသာသာသနာ ပြန့်ပွားရေးအသင်းချုပ်သို့ ထီးတော်များ လှူဒါန်း



**မန္တလေး ဖေဖော်ဝါရီ ၂၄**

မန္တလေးမြို့၊ တောင်စလင်း တိုက်သစ်နယ်စပ် တောင်တန်းဒေသနှင့် ကမ်းရိုးတန်းဒေသဆရာတော် ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေးအသင်းချုပ် ပဓာနနာယက ဆရာတော်ဘဒ္ဒန္တတိက္ခ၊ အဘိဓေအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဦးဆောင်သည့် အသင်းကြီးသို့ ဗုဒ္ဓရုပ်ပွားတော်၊ ထီးတော်၊ အစရှိသည့်တို့ကို ရပ်ဝေးရပ်နီးမှ လှူဒါန်းကုသိုလ်ပြုလျက်ရှိရာ မန္တလေးမြို့နေအလှူရှင် နဂါးနီလက်ဖက်ခြောက် ဦးဘထွန်း+ဒေါ်ခင်သာ(သား)ဦးကျော်စိန်၊ ဦးခင်မောင်ဝင်းတို့အား ရည်စူး၍ (သမီး) ဒေါ်သီသီစိန်ကုန်သည် မိသားစုတို့က ထီးတော်တစ်လက်နှင့် နွားစာဖိုးအလှူငွေကျပ် ကိုးသောင်းငါးထောင်ကျပ်ကိုလည်းကောင်း၊ မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ် အလှူရှင် မိဘနှစ်ပါးတို့အား ရည်စူး၍ ဦးရဲကိုကို+ဒေါ်ခင်ပြုံး(သား)မောင်ခန့်ညားကို မိသားစုက ထီးတော်တစ်လက် နွားစာဖိုးအလှူငွေကျပ် ကိုးသောင်းငါးထောင်ကျပ်ကိုလည်းကောင်း၊ မန္တလေးမြို့နေ အလှူရှင် ဦးသိန်းနိုင်အား ရည်စူး၍ ဒေါ်အေးမာ မိသားစုက ထီးတော်တစ်လက် နွားစာဖိုးအလှူငွေကျပ် ကိုးသောင်းငါးထောင်ကျပ်ကိုလည်းကောင်း၊ မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်နေ အလှူရှင် ဖခင်ကြီး ဦးသန်းမောင်၊ မိခင်ကြီး ဒေါ်တင်ကြည်အား ရည်စူး၍ (သမီး)မတိုက်တိုက်ဝင်း၊ မအေးမွန်သန်း မိသားစု ထီးတော်တစ်လက်နှင့် နွားစာဖိုးငွေကျပ် ကိုးသောင်းငါးထောင်ကျပ်တို့ကို ယမန်နေ့က စုပေါင်းအလှူတော်ငွေ သုံးသိန်းရှစ်သောင်းကျပ်အား ပေးအပ်လှူဒါန်းကြရာ ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေးအသင်းချုပ်ရုံး(မန္တလေး)ဥက္ကဋ္ဌ ဦးလှဝင်းက လက်ခံရယူပြီး ကျေးဇူးတင်စကားပြော၍ ဂုဏ်ပြုမှတ်တမ်းလွှာများကို အသီးသီး ပြန်လည်ပေးအပ်ကြောင်း သိရသည်။ **(အပေါ်ဝဲပုံ)(ကဆ)**

## ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းသို့ ရာသက်ပန်ဆွမ်းပဒေသာပင် လှူဒါန်း



**မန္တလေး ဖေဖော်ဝါရီ ၂၄**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းတွင် ယမန်နေ့ နံနက်ပိုင်း ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် အလှူငွေပေးအပ်ခြင်းပြုလုပ်သည်။

ရှေးဦးစွာ အလှူရှင်မိသားစုက ကျောင်းအုပ်ဆရာတော် အမှူးပြုသောကထိက ဆရာတော်များ၊ သင်တန်းသားသံဃာတော်များအား အရဏ်ဆွမ်းဆပ်ကပ်သည်။

ထို့နောက် ကျောင်းအုပ်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကောသလ(မွေ့ာစရိယ၊ BA)အရှင်မြတ်က ဟောကြားချီးမြှင့်သော ကောင်းမှုကုသိုလ် အစုစုတို့အတွက် ရေစက်ချအနုမောဒနာတရား နာယူကြည်ညိုကြပြီး မန္တလေးမြို့နေ အလှူရှင် ကိုဇင်ဝေထွန်း+မငြိမ်းအေးချမ်း(သား)မောင်ဟိန်းခန့်လင်းမိသားစုက ဖခင်ဦးသိန်းဝင်းအား ရည်စူး၍ မိခင်ဒေါ်စန်းမြင့် ဖခင်ဦးတင့်ဆေ၊ မိခင်ဒေါ်နုနုဝင်းတို့အား အမှူးထားကာ ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် အလှူငွေကျပ် ၅ သိန်းကိုလှူဒါန်းရာ ဥပဋ္ဌာကအဖွဲ့တွဲဖက်အတွင်းရေးမှူး ဦးကျော်ဝင်းက လက်ခံရယူကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကြောင်း သိရသည်။


**(အပေါ်ဝဲပုံ)(ဝ၃၆)**

## ကန်တော်ကြီးရှိ ဇီဝိတဒါနသံဃာ့ဆေးရုံသို့ ဆေးပဒေသာပင်ငွေများ လှူဒါန်း

**မန္တလေး ဖေဖော်ဝါရီ ၂၄**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကန်တော်ကြီးပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ စေတနာရှင်များက ဆွမ်းဆက်ကပ်ခြင်းနှင့် ဆေးပဒေသာပင်စိုက်ထူလှူဒါန်းလျက်ရှိရာ ဖေဖော်ဝါရီ ၂၃ ရက် နံနက်ပိုင်းက မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်ရပ်ကွက်၊ ဓ-၅/၂၂၊ ၄၁(အေ)လမ်းနေ ဦးကျော်ညွန့်၏ (၇၇)နှစ်မြောက်မွေးနေ့အထိမ်းအမှတ် ငွေကျပ် သိန်း၁၀၀ ကိုလည်းကောင်း၊ ချမ်းမြသာစည်မြို့နယ်၊ ၅၆(အေ)လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြားနေ ဦးရဲငွေအား ရည်စူး၍ ကျန်ရစ်သူမိသားစုက ဆေးပဒေသာပင် ငွေကျပ်သိန်း ၂၀ တို့ကို လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာ ဦးခင်မောင်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ခဲ့သည်။

ဇီဝိတဒါသံဃာ့ဆေးရုံကြီးသည်ဧက ၄၀ ခန့် ကျယ်ဝန်းပြီး အလျား၂၂၀ ပေ၊ အနံ ၉၈ပေရှိ အဆောက်အအုံ ၁၅ လုံးဖြင့် ဂိလာနသံဃာတော်များ၊ သီလရှင်များအား အခမဲ့ကျန်းမာရေးဆေးဝါးကုသပေးလျက်ရှိသည်။ ပြင်ပလူနာကုသပေးခြင်း၊ အသေးစားခွဲစိတ်ကုသခြင်း၊ ကျောက်ကပ်သန့်စင်ခြင်း၊ သွားရောဂါကုသခြင်း၊ အကြောအဆစ်ပြန်လည်သန်စွမ်းရေးကုသခြင်း၊ မျက်စိကုသခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။



ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ဆွမ်းပဒေသာပင်၊ ဆေးပဒေသာပင်၊ ရေအလှူတော်၊ လျှပ်စစ်မီးအလှူတော်၊ ကျောက်ကပ်သွေးသန့်စင်ဌာနအလှူများသို့ လှူဒါန်းလိုပါက ဖုန်း-၀၉၄၀၂၆၂၆၃၂၄၊ K.pay 09-694934291 သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**မောင်ပြည်သူ(မန္တလေး)**

## (၁၄၁)ကြိမ်မြောက် ဇီဝိတဒါနသွေးလှူဒါန်း

မြင်းခြံမြို့နယ်၊ ဒူလဘိုရွာဇာတိ၊ ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ နွယ်အေးရပ်ကွက်၊ သဇင်နွယ်လမ်း၊ စိတ္တသုခကျောင်း ဇာတ်တော်တိုက်၊ ပဓာနနာယက သက်သတ်လွတ်ဆရာတော်၊ ဘဒ္ဒန္တ ဝိစိတ္တာလင်္ကာရ(လူမှုထူးချွန် ပထမအဆင့်)သည်၊ အမှတ်(၂)တပ်မတော်ဆေးရုံခုတင် ၅၀၀ တွင်၊ ဖေဖော်ဝါရီ ၁၉ ရက်က (၁၄၁)ကြိမ်မြောက် ဇီဝိတဒါနသွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

**(ကဆ)**

တံတားနှင့်လမ်း၊ ဆေးခန်းနှင့်ကျောင်း၊
ဆည်မြောင်းနှင့်ကန်၊ သစ်ပင်ရုံမှ၊ သဏ္ဍာန်လှပ၊ ပန်းရလိမ့်။

# လျှပ်စစ်စွမ်းအင်အကြောင်း သိကောင်းစရာ

(၂၃-၂-၂၀၂၅)ရက် စာမျက်နှာ (၁၇)မှအဆက်

ဆယ့်ရှစ်ရာစုနှစ်တွင် ဣတာလျံလူမျိုးသိပ္ပံပညာရှင်တစ်ဦး ဖြစ်သူ လွီဂျီဂယ်လဗားနီးသည် လျှပ်စစ်ဓာတ်ငြိမ်၏သတ္တိကို တစ်မျိုးစမ်းသပ်ကြည့်ပြန်သည်။ သူသည် အရေခွာထားသော ဖားတစ်ကောင်၏ခြေထောက်တစ်စုံကိုယူပြီးသော ခြေထောက်တစ်ဖက်ကို လျှပ်စစ်ဓာတ်ငြိမ်ထုတ်ပေးသည့်စက်ဖြင့်ဆက်၍ ကျန်တစ်ဖက်ကို မြေကြီးသို့ ဆက်ပေးသည်။ ထို့နောက် စက်ကိုလှည့်၍ ပေးသောအခါ ဖားခြေထောက်ရှိ ကြွက်သားများတွန့်သွား၍ ဖားခြေထောက်ကလေးများ လှုပ်ရှားလာသည်ကို ထူးဆန်းစွာတွေ့ရလေသည်။ တစ်ဖန်သူသည် ဖားခြေထောက်တစ်ဖက်ကို(အေရီယယ်)ကောင်းကင်ကြိုးနှင့်လည်းကောင်း၊ အခြားတစ်ဖက်ကို မြေကြီးသို့လည်းကောင်း ဆက်ပေး၍ ဖရန်ကလင်၏စမ်းသပ်မှုကို အခြေပြုပြီးသော် စမ်းသပ်ကြည့်ပြန်ရာ မိုးထစ်ချုန်းရွာသွန်းနေစဉ်အချိန်တွင် ခြေထောက်ကလေးများလှုပ်ရှားသည်ကို တွေ့ရလေသည်။ သို့သော် ထိုကဲ့သို့ အမျိုးမျိုးစမ်းသပ်ကြည့်နေရာမှ အခြားထူးဆန်းသော အချက်တစ်ခုကို အောက်ပါအတိုင်း တွေ့ရှိရလေသည်။

ဂယ်လဗားနီးနှင့် တပည့်များသည် ဖားခြေထောက်ကလေးများကို ကြေးနီချိတ်ဖြင့်ချိတ်ပြီးလျှင် ဝရန်တာသံကြိုးတန်းတွင် ချိတ်ဆွဲထားမိသည်။ ထိုအခါ လျှပ်ပြက်ခြင်း၊ မိုးခြိမ်းခြင်းမရှိပါဘဲလျက် ဖားခြေထောက်နှင့် သံကြိုးတန်းထိမိသည့်အခါတိုင်း ခြေထောက်ကလေးများလှုပ်ရှားသည်ကို အံ့အားသင့်စွာ တွေ့ရလေသည်။ ဂယ်လဗားနီးက ဤလျှပ်စစ်ဓာတ်မှာ ကြွက်သား(သို့မဟုတ်) အကြောကို ကြေးဝါနှင့်သံတို့ ထိတွေ့ရမှ ဖြစ်ပေါ်လာသည်ဟု ယူဆလေသည်။ သို့သော် ထိုယူဆချက်သည် ပြည့်စုံမှန်ကန်ခြင်း မရှိသေးပေ။ မကြာမီပင် အခြားဣတာလျံလူမျိုးပါမောက္ခ အယ်လက်ဇန္ဒြိုဗိုလတာ(ခရစ် ၁၇၄၅-၁၈၂၇)က ထိုထက်ကောင်းမွန်သောယူဆချက်တစ်ခုကို ထုတ်ဖော်ရှင်းပြလေသည်။ သူ၏အဆိုအရ အထက်ပါလျှပ်စစ်ဓာတ်သည် ကြေးနီ၊ သံနှင့် ဖားကောင်ကြွက်သားအတွင်းရှိ အရည်တစ်မျိုးတို့၏ အချင်းချင်း ဓာတ်လှုပ်ရှားမှုကြောင့် ဖြစ်ပေါ်လာသည်ဟု ဆိုလေသည်။ ထို့နောက် သူသည် ဤအယူအဆကို အခြေခံထား၍ အမျိုးမျိုးကြိုးစားစမ်းသပ်ခဲ့ရာ နောက်ဆုံး၌ လျှပ်စစ်ဓာတ်အိုးတစ်မျိုးကို တီထွင်နိုင်ခဲ့လေသည်။ ထိုဓာတ်အိုးမှာ တီထွင်သူ ဗိုလတာကို အစွဲပြု၍ ဗို့လတိတ်ဓာတ်အိုးဟု အမည်တွင်လေသည်။ ထိုဓာတ်အိုးတွင် သွပ်ပြားတစ်ချပ်နှင့် ကြေးနီပြားတစ်ချပ်ကို ဆာလဖျူရစ်အက်ဆစ်ထဲ၌ နှစ်ထား၍ ထိုသွပ်ပြားနှင့် ကြေးနီပြားတို့ကို အိုးအပြင်ဘက်တွင် ကြေးနန်းကြိုးတစ်ပင်ဖြင့် ဆက်လိုက်သောအခါ ကြေးနီမှသွပ်သို့ နန်းကြိုးတစ်လျှောက် လျှပ်စစ်ဓာတ်စီးလေသည်။ ဤဓာတ်အိုးကို တီထွင်နိုင်ခဲ့ခြင်းကြောင့် ဗိုလတာမှာ လျှပ်စစ်ဓာတ်စီးကို ပထမဦးစွာ ကြံဆောင်ထုတ်ယူနိုင်သူအဖြစ်ဖြင့် မှတ်တမ်းတင်ထားခြင်းခံရလေသည်။ ဗို့လတိတ်ဓာတ်အိုးအပြင် လျှပ်စစ်ဓာတ်အိုးအခြောက်(ဓာတ်ခဲ)၊ လက်ကလန့်ဓာတ်အိုး စသည်ဖြင့် အလားတူ ဓာတ်အိုးအမျိုးမျိုးရှိသေးသည်။ ထိုဓာတ်အိုးတို့မှာ ဗို့လတိတ်ဓာတ်အိုးနှင့် ဆင်တူကြသည်။ ထိုဓာတ်အိုးများကို လျှပ်စစ်ခေါင်းလောင်းနှင့် ကြေးနန်းဆက်သွယ်ရေးကိစ္စတို့၌ သုံးလေ့ရှိသည်။ ထိုဓာတ်အိုးမျိုးအပြင် အက် ကျူမူလေးတားခေါ် လျှပ်စစ်ဓာတ်လှောင်အိုးဟူ၍လည်း တစ်မျိုး ရှိသေးသည်။ ထိုအိုးမျိုးတွင် ကြေးနီနှင့်သွပ်တို့အစား ခဲပြားချပ်များ ကိုအသုံးပြုထားသည်။ မော်တော်ကား၊ ရေဒီယို၊ အသံဖမ်းစက် စသည်တို့တွင် ကျွန်ုပ်တို့အသုံးပြုနေကြသော ဘက်ထရီအိုးများမှာ ဤအမျိုးအစား ဖြစ်သည်။

အဆိုပါဓာတ်အိုးနှစ်မျိုး၏ခြားနားချက်မှာ ဗို့လတိတ်ဓာတ်အိုးကဲ့သို့သော ပရိုင်မာရီဓာတ်အိုး (မူလဓာတ်အိုး)များသည် သုံးဖန်များသော အားကုန်သွား၍ အားကိုပြန်မသွင်းနိုင်ချေ။ အက်ကျူမူလေးတား(လျှပ်စစ်ဓာတ်လှောင်အိုး)ဟုခေါ်သော စကင်ဒရီဓာတ်အိုး (ဒုတိယဓာတ်အိုး)များမှာမူ အားကုန်ခန်းသွားသောအခါ ဓာတ်အိုးအတွင်းသို့ အခြားမှလျှပ်စစ်ဓာတ်ကို ပြောင်းပြန်စီးဖြတ်စေခြင်းဖြင့် အားပြန်သွင်းပေးနိုင်သည်။ လျှပ်စစ်ဓာတ်အိုးအမျိုးမျိုးတွင် ဆာလဖျူရစ်အက်ဆစ်ကဲ့သို့သောပစ္စည်းကို အီလိုထရိုလိုက်(ဓာတ်လိုက်ရည်) ဟူ၍လည်းကောင်း၊ ကြေးနီ၊ သွပ်၊ ခဲစသည်တို့ကို အီလက်ထရုတ် (ဓာတ်ချောင်း)ဟူ၍လည်းကောင်း ခေါ်ကြသည်။

လျှပ်စစ်ဓာတ်နှင့်သက်ဆိုင်သော သီအိုရီတစ်ခုကို ပထမဦးဆုံး ကြံစည်ထုတ်ဖော်သူမှာ ၁၈ ရာစုနှစ်အလယ်လောက်တွင် ကောင်းကင်သို့ စွန်လွှတ်ပြီး လျှပ်စစ်ဓာတ်ကိုထုတ်ပြခဲ့သူ ဗင်ဂျမင်ဖရန်ကလင်ပင်ဖြစ်သည်။ သူ၏သီအိုရီအရ လျှပ်စစ်ဓာတ်သည် မျက်စိဖြင့်မမြင်နိုင် အလေးချိန်ဟုလည်းမရှိသည့် အရည်တစ်မျိုးဖြစ်၍ ထိုအရည်မှာ မည်သည့်ပစ္စည်း၌မဆို အထိုက်အလျောက်ပါဝင်သည်ဟု ဆိုလေသည်။ ထိုသီအိုရီကို ဋ္ဌေရည်သီအိုရီဟု ခေါ်စမှတ်ပြုကြသည်။ တစ်ဖန် ဖရန်ကလင်က လျှပ်စစ်ဓာတ်ဖိုနှင့် ဓာတ်မကို ဤသို့ခွဲပြပြန်သည်။ အရာဝတ္ထုတိုင်း၌ လျှပ်စစ်ဓာတ်အရည်ပါမြဲဖြစ်ရာ အကယ်၍ ပါသင့်သမျှထက်ပိုနေခဲ့လျှင် ထိုအရာဝတ္ထု၌ လျှပ်စစ်ဓာတ်ဖိုဝင်သည်ဟု ဆိုရပြီးလျှင် ပါသင့်သမျှထက်လျော့ပါက လျှပ်စစ်ဓာတ်မဝင်သည်ဟု ဆိုရသည်။ ထို့နောက် လျှပ်စစ်ဓာတ်သည် ဓာတ်ဖိုဝင်နေသည့်ပစ္စည်းမှ ဓာတ်မဝင်နေသည့် ပစ္စည်းဘက်သို့ စီးသည်ဟု ဆိုလေသည်။



သို့ရာတွင် နောက်နှစ်ပေါင်းတစ်ရာကျော်၌ ၁၉ ရာစု နှစ်ကုန်ဆုံးကာနီးအချိန်တွင် ဖရန်ကလင်၏သီအိုရီထက်သာလွန်ကောင်းမွန်ရုံမျှမက ယခုထက်တိုင် အကောင်းဆုံး အမှန်ဆုံးအဖြစ်နှင့် လက်ခံခဲ့ရသော သီအိုရီကို ဆာဂျေဂျေသွန်မဆင်က ထုတ်ဖော်လိုက်လေ သည်။ သွန်မဆင်သည် အီလက်ထရွန်ကို တွေ့ရှိတိုင်းတာပြီးနောက် မှ ထုတ်ဖော်လိုက်ခြင်းဖြစ်၍ ထိုသီအိုရီသည် အီလက်ထရွန် သီအိုရီဟု တွင်လေသည်။

စကြဝဠာကြီးအတွင်းရှိ အရာဝတ္ထုအားလုံးတွင် ဒြပ်စင်ဟုခေါ်သော သီးသန့်ဓာတ်များ ရောထွေးပေါင်းစပ်ပြီး ပါဝင်လျက်ရှိသည်။ ဒြပ်စင်ကို အသေးဆုံးစိတ်ပိုင်းလိုက်သောအခါ မော်လီကျူးများကို ရရှိ၍ ထိုမော်လီကျူးတွင် တစ်ဖန်အက်တမ်များ ပါဝင်ပြန်သည်။ ထို့ကြောင့် အရာဝတ္ထုမှန်သမျှသည် အက်တမ်ဖြင့်ဖွဲ့စည်းထားသည့် အရာများသာဖြစ်သည်။ ဒြပ်စင်ပေါင်းမှာ ၉၀ ကျော်ရှိသည့်အတွက် အက်တမ်တို့မှာလည်း ဟိုက်ဒြိုဂျင်အက်တမ်၊ အောက်ဆီဂျင်အက်တမ် စသည်ဖြင့် အမျိုးပေါင်း ၉၀ ကျော်ရှိသည့် အက်တမ်တို့၏



ဖွဲ့စည်းတည်ဆောက်နေပုံကို ကြည့်ပြန်သောအခါ အက်တမ်တွင် အီလက်ထရွန်များပါဝင်၍ ထိုအီလက်ထရွန်တို့ကို အက်တမ်၏ ဝတ်ဆံတွင်ရှိသည့် ပရိုတွန်တို့က ဆွဲငင်ထားပြီး အက်တမ်တွင် အီလက်ထရွန်နှင့် ပရိုတွန်တို့အပြင် လျှပ်စစ်ဓာတ်အားဖြင့် အဖိုလည်းမဟုတ်၊ အမလည်းမဟုတ်သည့် နျူထရွန်များလည်း ရှိသေးသည်။ ထို့ကြောင့်လည်း သိပ္ပံပညာရှင်ကြီးများက အလုံးစုံသော ဒြပ်တို့သည် လျှပ်စစ်ဓာတ်ဖြင့် ပြီးကြ၍ ဒြပ်နှင့် လျှပ်စစ်ဓာတ်မှာ အတူတူပင်ဖြစ်သည်ဟုဆိုကြခြင်း ဖြစ်သည်။

အက်တမ်ဖြင့် ပေါင်းစပ်ဖွဲ့စည်းလျက်ရှိသော အီလက်ထရွန်နှင့် ပရိုတွန်တို့၏ ဆွဲငင်ထားမှုကို ပြင်ပစွမ်းအင်တစ်ခုခုက နှောင့်ယှက်လိုက်သောအခါ အဆိုပါဆွဲငင်မှုမှာ ပျက်ပြားသွားသောကြောင့် အီလက်ထရွန်အချို့သည် မူလနေရာမှ လွတ်ထွက်လာပြီးသော အခြား အက်တမ်များရှိရာသို့ ရောက်သွားနိုင်သည်။ လျှပ်စစ်ဓာတ်စီးကြောင်းမှာ ဤကဲ့သို့ အီလက်ထရွန်များ နေရာပြောင်းခြင်းပင်ဖြစ်သည်ဟု အီလက်ထရွန်သီအိုရီက ဖော်ပြထားသည်ကို တွေ့ရှိနိုင်ပါသည်။ ဤသည်မှာ လျှပ်စစ်စွမ်းအင်၏အခြေခံသဘောတရားပင် ဖြစ်ပါသည်။

အချုပ်အားဖြင့်ဆိုသော် လျှပ်စစ်စွမ်းအင်၏အခြေခံသဘောတရားများမှာ စတင်ပေါ်ပေါက်ခဲ့သည့် ရှေးပဝေသဏီကာလမှစ၍ ယနေ့ကာလအထိ ရှာဖွေတွေ့ရှိမဆုံးဖြစ်နေပေသည်။ ထို့အတူ လျှပ်စစ်စွမ်းအင်ကို ထုတ်လုပ်နိုင်သည့် နည်းလမ်းများမှာလည်း ယနေ့တိုင်ရှာဖွေ၍ ကုန်နိုင်ဖွယ်ရာရှိနေပေသေးသည်။ သို့ဖြစ်ရာ လျှပ်စစ်စွမ်းအင်ကို ပိုမိုလိုအပ်လျက်ရှိသော ယနေ့ကမ္ဘာကြီးတွင် လျှပ်စစ်၏ အခြေခံသဘောတရားများကို သိရှိနားလည်၍ မည်သို့ဖော်ထုတ်ရရှိနိုင်မည်ကို ဆက်လက်စူးစမ်းလေ့လာသွားသင့်ပါကြောင်း တိုက်တွန်းရေးသားတင်ပြလိုက်ရပါသည်။

မောင်မောင်စွယ်စုံထွန်း



## အိမ်ထောင်စုလူဦးရေစာရင်းများနှင့် အိမ်အမှတ်စဉ်များမှန်ကန်စေရေး ဆောင်ရွက်

**တန့်ယန်း ဖေဖော်ဝါရီ ၂၄**

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ်တွင် ရပ်ကွက်နှင့်ကျေးရွာအုပ်စုများ၌ အိမ်ထောင်စုလူဦးရေစာရင်းများနှင့် အိမ်အမှတ်စဉ်များမှန်ကန်စေရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့မွန်းလွဲပိုင်းက အမှတ်(၂)ရပ်ကွက်၌ကျင်းပခဲ့သည်။

အဆိုပါလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ခေတ္တအုပ်ချုပ်ရေးမှူး ဦးသက်ထွန်းအောင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲရုံးမှ ဦးစီးအရာရှိ ဦးသစ်ထွန်းက ရပ်ကွက်နှင့် ကျေးရွာအုပ်စုများ၌ အိမ်ထောင်စုလူဦးရေစာရင်းများ၊ အိမ်အမှတ်စဉ်များ မှန်ကန်မှုရှိစေရေးတို့အတွက် ဆောင်ရွက်ရမည့်လုပ်ငန်းများကို ရှင်းလင်းပြောကြားရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ရပ်ကွက်နှင့် ကျေးရွာအုပ်စုစာရေးများ တက်ရောက်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

မြို့နယ်(ပြန်/ဆက်)

## ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံမျိုးစုံ လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်

**ကျွန်းလှ ဖေဖော်ဝါရီ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်တွင် ဒေသတွင်းစားသုံးဆီဖူလုံစေရန်အတွက် ဆီထွက်သီးနှံမျိုးစုံ စိုက်ပျိုးထုတ်လုပ်လျက်ရှိရာ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ ဧက ၃၂၀၀၀ ကျော် ရိတ်သိမ်းပြီးဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျွန်းလှမြို့နယ်တွင် ယခုနှစ် ဆောင်းရာသီ၌ ဆီထွက်သီးနှံစိုက်ပျိုးမှုအဖြစ် မြေပဲ ၁၄၂၃၉ ဧက၊ နှမ်း ၁၄၀၃၆ ဧက၊ နေကြာ ၁၂၂၉ ဧက၊ ပန်းနှမ်း ၅၃၁၇ ဧက၊ မုန်ညင်းစေ့ ၄၅၁ ဧက စိုက်ပျိုးနိုင်ခဲ့သည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ဆီထွက်သီးနှံ စိုက်ပျိုးဖို့ ၃၄၈၆၄ ဧကလျာထားပြီး ၃၅၂၇၂ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ လျာထားချက်ထက် ဧက ၄၀၀ ကျော် ပိုမိုစိုက်ပျိုးနိုင်ပြီး လက်ရှိအချိန်ထိ ၃၂၀၈၉ ဧက ရိတ်သိမ်းပြီးဖြစ်ပါတယ်။ ကျန်ရှိတဲ့သီးနှံတွေ ဆက်လက်ရိတ်သိမ်းနေကြပါတယ်" ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးက ပြောသည်။

အဆိုပါ ဆီထွက်သီးနှံစိုက်ခင်းများ ပန်းတိုင်အထွက်နှုန်းရရှိစေရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်း၊ မျိုးသန့်ရရှိရေး ဆောင်ရွက်ပေးခြင်း၊ စိုက်နည်းစနစ်မှန်ကန်ရေး ကွင်းသရုပ်ပြပွဲပြုလုပ်ခြင်း၊ သင်တန်းများဖွင့်လှစ်ခြင်းနှင့် ရိတ်သိမ်းချိန်လွန်နည်းပညာများ ကွင်းဆင်းအသိပညာပေးလျက် ရှိသည်။

ကျွန်းလှမြို့နယ်တွင် ၂၀၂၄-၂၀၂၅ ခုနှစ်၊ ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံမျိုးစုံအပြင် ပဲမျိုးစုံ၊ ဟင်းသီးဟင်းရွက်မျိုးစုံ၊ အခြားသီးနှံများ စိုက်ပျိုးကြသည့်အတွက် မိသားစုဝင်ငွေရရှိပြီး ဒေသခံပြည်သူများ အလုပ်အကိုင်ရရှိနေကြကြောင်း သိရသည်။

(အောက်ပုံ)

(၄၈၀)

* - * - * - * - *





## နယ်ပယ်ပေါင်းစုံမှ ခရမ်းချဉ်သီးများ မန္တလေးဈေးကွက်အတွင်းသို့ လှိုင်လှိုင်ဝင်ရောက်လာခြင်းကြောင့် ဈေးနှုန်းကျဆင်းလာ

**မန္တလေး ဖေဖော်ဝါရီ ၂၄**

မန္တလေးဈေးကွက်အတွင်းသို့ နယ်ပယ်ပေါင်းစုံမှ ခရမ်းချဉ်သီးများ လှိုင်လှိုင်ဝင်ရောက်လာခြင်းကြောင့် ဈေးနှုန်းများ ကျဆင်းလာကြောင်း ကုန်စိမ်းပွဲရုံများထံက သိရသည်။

ခရမ်းချဉ်သီးဈေးနှုန်းများမှာ ယခင်လများက တစ်ပိဿာလျှင် ငွေကျပ်သုံးထောင်နှင့်အထက်ထိ မြင့်တက်သွားခဲ့ရာမှ ယခုအခါ ဈေးကွက်အတွင်း အဝင်များလာခြင်းကြောင့် တစ်ပိဿာလျှင် ငွေကျပ် ငါးရာဝန်းကျင်ခန့်သာရှိတော့ကြောင်း သိရသည်။

"အရင်လလောက်က ခရမ်းချဉ်သီးဈေးက တအားကောင်းတယ်။ အဲတော့ တော်တော်များများက ခရမ်းချဉ်သီးကို စိုက်ကြတယ်။ အခုထွက်ချိန်ကြတော့ စုပြုံထွက်သလိုဖြစ်တဲ့အတွက် ဈေးတွေ ကျဆင်းသွားတာပါ၊ အရောင်းအဝယ်ကတော့ ပုံမှန်ပဲရှိပါတယ်" ဟု ပွဲရုံပိုင်ရှင်တစ်ဦးက ပြောသည်။

ယခင်လများတွင် ခရမ်းချဉ်သီးဈေးနှုန်း ကောင်းရခြင်းမှာ စိုက်ပျိုးချိန်နောက်ကျခြင်းကြောင့် ပုံမှန်ထွက်ရှိသည့် အချိန်တွင် ဈေးကွက်အတွင်း မရောက်ရှိခြင်းကြောင့် အဝင်နည်းကာ ဈေးနှုန်းမြင့်တက်သွားခြင်းဖြစ်ကြောင်း၊ လက်ရှိတွင် နယ်ပယ်ဒေသအသီးသီးမှထွက်ရှိသည့်အပြင် ဈေးကောင်းခြင်းကြောင့် တိုးမြှင့်စိုက်ပျိုးခြင်းကြောင့် ဈေးကွက်အတွင်း ပစ္စည်းများကာ ဈေးနှုန်းများပါ ကျဆင်းလာခြင်းဖြစ်ကြောင်း သိရသည်။

နှစ်စဉ် ခရမ်းချဉ်သီးများမှာ ဖေဖော်ဝါရီလထဲတွင် နယ်ပယ်ပေါင်းစုံမှ ထွက်ရှိသည့်ကာလဖြစ်ခြင်းကြောင့် ယခုလတွင် ဈေးနှုန်းကျဆင်းလေ့ရှိကြောင်း၊ ခရမ်းချဉ်သီးမှာ စတင်ပျိုးထောင်ချိန်မှ ၈၅ရက်မှ ၉၀ရက်အတွင်း အသီးများကို ခူးဆွတ်ရောင်းချနိုင်ကြောင်း သိရသည်။

ခရမ်းချဉ်သီးအား ဖျော်ရည်များ၊ ယိုများ၊ အသုပ်စုံများနှင့် ထည့်သွင်းစားသောက်ခြင်းဖြင့် ကျန်းမာရေးအကျိုးပြုသော သီးနှံအမယ်ဖြစ်ပြီး ဈေးကွက်အတွင်း စားသုံးမှုများသည့် သီးနှံဖြစ်ကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်-စ)

* - * - * - * - *

## မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် တက္ကသိုလ်၊ ကောလိပ်ကြက်ခြေနီအသင်းခွဲများ လုပ်ငန်းညှိနှိုင်း

**မန္တလေး ဖေဖော်ဝါရီ ၂၄**

မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းမှ တက္ကသိုလ်၊ ကောလိပ်ကြက်ခြေနီအသင်းခွဲများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၂၂ရက် နံနက် ၁၀နာရီက RITZ Green Hotel Mandalay တွင်ကျင်းပရာ မြန်မာနိုင်ငံကြက်ခြေနီအသင်းဒုတိယဥက္ကဋ္ဌ ဒေါက်တာတင်တင်လေး၊ အချိန်ပိုင်းအလုပ်အမှုဆောင် မြန်မာနိုင်ငံကြက်ခြေနီအသင်း ကြက်ခြေနီလူငယ်ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာမာလာဝင်း၊ မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာသိန်းထွန်းဆောင်၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာမျိုးခိုင်၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းအဖွဲ့အစည်းဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးဌာန ညွှန်ကြားရေးမှူး ဒေါက်တာလင်းလင်းသက်၊ တိုင်းဒေသကြီးကြက်ခြေနီကြီးကြပ်မှုကော်မတီဝင်များ၊ ကျောက်ဆည်ခရိုင် ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါ်သင်းပျံ့ကြူ၊ တက္ကသိုလ်၊ ကောလိပ်ကြက်ခြေနီအသင်းခွဲများမှ နာယကများနှင့်ဥက္ကဋ္ဌများ တက်ရောက်ကြသည်။

အစီအစဉ်အရ မြန်မာနိုင်ငံကြက်ခြေနီအသင်း ဒုတိယဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး ကြက်ခြေနီလူငယ်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကားပြောကြားသည်။ ဆက်လက်၍ မြန်မာနိုင်ငံကြက်ခြေနီအသင်းအဖွဲ့အစည်းဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးဌာန ညွှန်ကြားရေးမှူးမှ တက္ကသိုလ်၊ ကောလိပ်ကြက်ခြေနီအသင်းခွဲများတွင် ကြက်ခြေနီမိတ်ဆက်ခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ရှင်းလင်းတင်ပြသည်။ ထို့နောက် မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌက တက္ကသိုလ်၊ ကောလိပ်ကြက်ခြေနီအသင်းခွဲများနှင့် တွေ့ဆုံပွဲကျင်းပရခြင်း ရည်ရွယ်ချက်ကိုပြောကြားပြီး မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ တက္ကသိုလ်၊ ကောလိပ်ကြက်ခြေနီအသင်းခွဲများသို့ စာရေးကိရိယာများထောက်ပံ့ပေးအပ်ခဲ့သည်။

(အောက်ပုံ)

(ဝ၄၅)



## စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း ငွေကျပ် ၈၀ ထပ်မံ ဈေးကျဆင်း

စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း ယခုတစ်ပတ်မှာ ဈေးအနည်းငယ်ပြန်ကျဆင်းလာရာ တစ်ပိဿာလျှင်ငွေကျပ် ၆၉၀၅ဖြစ်ကြောင်း စားသုံးသူရေးရာဦးစီးဌာနမှ ထုတ်ပြန်ကြေငြာထားသည်။

ပြီးခဲ့သည့်တစ်ပတ် ဖေဖော်ဝါရီ ၁၇ရက်မှ ၂၃ရက်အထိ စားအုန်းဆီ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးသည် တစ်ပိဿာလျှင် ငွေကျပ် ၆၉၈၅ ဖြစ်ခဲ့ပြီး ယခုတစ်ပတ် ဖေဖော်ဝါရီ ၂၄ရက်မှ မတ် ၂ ရက်အထိ ရည်ညွှန်းဈေးသည် ငွေကျပ် ၆၉၀၅ ဖြစ်သဖြင့် ငွေကျပ် ၈၀ ဈေးကျသွားခြင်း ဖြစ်သည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ် ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီအဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိပါသည်။

(မန္တလေးနေ့စဉ်-၅)

မြန်မာ့အလင်း
၂၅-၂-၂၀၂၅

❖ နိုင်ငံတစ်နိုင်ငံ၏ အင်အားသည် ပညာပေါ်တွင် အခြေခံ . . .

❖ ဗလငါးတန်ပြည့်ဝပြီး အသိဉာဏ် ပညာပြည့်စုံသည့် ကျောင်းသား၊ ကျောင်းသူလူငယ်များသည် နိုင်ငံ၏ အင်အား၊ နိုင်ငံ၏ အနာဂတ်များဖြစ် . . .

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဇွန်လ ၂၅ ရက်နေ့တွင် ပြုလုပ်သော မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ (၂၀၂၄) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# မန္တလေးပြည်သူ့ဆေးရုံကြီး၌ (၈၃)ကြိမ်မြောက် ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှု အောင်မြင်စွာဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

ကျန်းမာရေးဝန်ကြီးဌာနသည် ပြည်သူများလိုအပ်သော နိုင်ငံတကာအဆင့်မီ ကုသမှုများကို ပြည်တွင်း၌ လက်လှမ်းမီရရှိနိုင်ခြင်းဖြင့် ပြည်သူများဆေးကုသမှုအတွက် စိုက်ထုတ်ကုန်ကျစရိတ်သက်သာစေရေးနှင့် ပြည်သူ့ဆေးရုံများ၏ ကုသမှုအရည်အသွေးတိုးတက်စေရေးအတွက် လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိရာ မန္တလေးပြည်သူ့ဆေးရုံကြီး၌(၈၃)ကြိမ်မြောက် ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသမှုကို ဖေဖော်ဝါရီ ၂၀ ရက်က အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သည်။

အဆိုပါ ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှုတွင် မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်တွင် နေထိုင်သူ အသက် ၂၆ နှစ်ရှိ အမျိုးသားလူနာနှင့် ဇနီးဖြစ်သူ အသက် ၂၆ နှစ် ကျောက်ကပ်အလှူရှင် တို့အား ခွဲစိတ်ကုသခဲ့ခြင်းဖြစ်ပြီး ခွဲစိတ်ကုသမှုကို ဖေဖော်ဝါရီ ၂၀ ရက် နံနက် ၉ နာရီ ၂၂ မိနစ်တွင် စတင်ဆောင်ရွက်ခဲ့ကာ မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် ဆောင်ရွက်ပြီးစီးသည်။

စာမျက်နှာ ၄ သို့



# မန္တလေးမြို့တွင် အများပြည်သူ အပန်းဖြေအနားယူနိုင်မည့် မြမာလာဥယျာဉ် ဖွင့်လှစ်ထား

**မန္တလေး ဖေဖော်ဝါရီ ၂၄**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာနမှ အများပြည်သူ အပန်းဖြေအနားယူနိုင်မည့် ပန်းဥယျာဉ်တစ်ခုကို သိပ္ပံလမ်းနှင့် ၇၈လမ်း၊ ဆင်ဖြူကန်ကွင်းအတွင်း၌ ဖွင့်လှစ်ထားရှိရာ မြမာလာဥယျာဉ်ဟု အမည်ပေးထားကြောင်း သိရသည်။

ဖေဖော်ဝါရီ(၁၂)ရက်၊ ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် (၂၁)ကြိမ်မြောက်၊ သစ်သီးဝလံနှင့် ပန်းမန်ပြပွဲ၊ ပြိုင်ပွဲကျင်းပရန် ၂-လခန့်အလိုက ဥယျာဉ်တည်ဆောက်ခဲ့ပြီး အများပြည်သူအပန်းဖြေအနားယူနိုင်မည့် ပန်းဥယျာဉ်အဖြစ် ဆက်လက်ထားရှိသည် ဟုဆိုသည်။



"လူထုအပန်းဖြေရာ ပန်းခြံ (Public Area)ဖြစ်အောင်လုပ်ဖို့ အစီအစဉ်ရှိတာနဲ့အညီ ဆင်ဖြူကန်ကွင်း သာယာလှပအောင် လုပ်သွားမယ်။ ပြည်ထောင်စုနေ့အကြို သစ်သီးဝလံ၊ ပန်းမန်ပြပွဲအတွက် ပြင်ဆင်ခဲ့ပြီးနောက် သာယာလှပတဲ့ ပန်းဥယျာဉ်အဖြစ် ဆက်လက်ထားရှိတာပါ။ မြမာလာဥယျာဉ်လို့ အမည်ပေးထားတယ်။ အိပ်နောက်ဖေးဈေးဆိုင်တည်ဆိုသလို ဥယျာဉ်ထဲမှာ စားဖို့ချောင်သီးနှံစိုက်ခင်းလည်း ပါဝင်တယ်"ဟု မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူက ပြောသည်။

မြမာလာပန်းဥယျာဉ်သည် အလျားပေ ၆၈၀ ခန့်၊ အကျယ်ပေ ၁၁၀ ခန့်ရှိပြီး ဥယျာဉ်အတွင်း၌ ပန်းအလှပင်များဖြင့် စိုက်ပျိုးပုံဖော်ထားသည့် ပေ ၆၀ အကျယ်ပန်းဝိုင်း တစ်ခု၊ ပေ ၄၀ အကျယ်ပန်းဝိုင်း တစ်ခု နှင့်ပေ ၃၀ အကျယ် ပန်း ဝိုင်းတို့ဖြင့် ရောင်စုံပန်းများ စိုက်ပျိုးကာ ဥယျာဉ်အလှကို ပုံဖော်ထားကြောင်း၊ ဥယျာဉ်အတွင်း နားနေရန် ထိုင်ခုံများ ဆောင်ရွက်ပေးထားသည့်အပြင် ပန်းဥယျာဉ်အဝင်၊ အထွက်လမ်းများ ကောင်းမွန်ရေးဆောင်ရွက်သွားမည်ဖြစ်သည်။

"မြမာလာပန်းဥယျာဉ်မှာ လူထုအပန်းဖြေအနားယူဖို့ သာယာလှပတဲ့ ရတနာပုံဥယျာဉ်လိုဖြစ်အောင် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ရောင်စုံပန်းအလှပင်တွေ အရိပ်ရအပင်တွေ ဖြည့်ဆည်းစိုက်ပျိုးမယ်။ နေ့စဉ်ရေလောင်းပေါင်းသင်တာ၊ ပန်းမန်သစ်ပင်တွေ ရှင်သန်ပွင့်ဖူးအောင် ဌာနက ဆောင်ရွက်သွားမှာပါ" ဟု မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာနမှ တာဝန်ရှိသူက ပြောသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီသည် မြို့တော်သန့်ရှင်းသာယာလှပရေး၊ မြို့နေလူထုစိတ်ချမ်းသာမှုရှိစေရေးတို့ကို ဦးတည်ဆောင်ရွက်လျက်ရှိပြီး စည်ပင်သာယာနယ်နိမိတ်အတွင်း၌ လူထုအပန်းဖြေအနားယူနိုင်သည့် ရတနာပုံဥယျာဉ်၊ကန်တော်ကြီးလူထုအပန်းဖြေဥယျာဉ်နှင့် မြမာလာဥယျာဉ်တို့အပြင် ကုသိုလ်တော်ဘုရားပန်းခြံ၊ ရှုခင်းသာပန်းခြံ၊မဟာအောင်မြေပန်းခြံ၊ ချမ်းမြဝတီပန်းခြံစသည်တို့နှင့် ကမ်းနားလမ်းပန်းခြံ (၇)ခု အပါအဝင် ၂၂ ခု ရှိကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၉)